# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၅ ခုနှစ်၊ တော်သလင်းလကွယ်နေ့ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၁၄ ရက်၊ စနေနေ့ အတွဲ (၆၃)၊ အမှတ်(၁၁၄)


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအား ဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရား လေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၁၃

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC-II) ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနား ကျင်းပပုံများကို ယင်းနေ့ နံနက် ၈ နာရီ ၄၅ မိနစ်မှစတင်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV-HD Channel၊ MRTV-News Channel၊ MRTV Farmers' Channel၊ MRTV Sports Channel၊ MRTV Parliament Channel၊ MRTV-NRC တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း၊ MITV နှင့် MWD-HD Channel ၊ MWD Variety -HD Channel ၊ Channel LIGHT Channel တို့အပြင် Sky Net တိုင်းရင်းသား Channel ၊ Reader's Channel နှင့် MOI Website ၊ MOI Youtube ၊ MRTV APP: တို့ အပါအဝင် Online များမှလည်း တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့အသံရေဒီယို၊ ပတ္တမြား FM ၊ ချယ်ရီ FM ၊ မန္တလေး FM ၊ ပဒ္မဝတီ FM ၊ ရွှေ FM ၊ FM ပုဂံ၊ Star FM ၊ သဇင် FM တို့မှလည်း တိုက်ရိုက် (LIVE) ထုတ်လွှင့်မည်ဖြစ်သည်။ သတင်းစဉ်

**ယနေ့ မာတိကာ**



**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်ရန် နေပြည်တော်သို့ရောက်ရှိ**

ပြည်တွင်းသတင်း စာ ၄

..............................

**ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး မျှော်လင့်ချက်**

ဆောင်းပါး စာ ၆



ကင်းမွန်မီးထွန်းလှေများ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ရန် ပင်လယ်ပြင်အတွင်းသို့ ထွက်ခွာစဉ်။

## တနင်္သာရီတိုင်းဒေသကြီးရှိ ငါးဖမ်းကင်းမွန်မီးထွန်းလှေများ ပင်လယ်ပြင်အတွင်းသို့ လုပ်ငန်းခွင်စတင်ဝင်ရောက်

မြိတ် အောက်တိုဘာ ၁၃

တနင်္သာရီတိုင်းဒေသကြီးရှိကင်းမွန်မီးထွန်းလှေများမှာ သီတင်းကျွတ်ကာလရောက်ရှိတော့မည်ဖြစ်သည့်အတွက် ပင်လယ်ပြင်အတွင်းသို့ လုပ်ငန်းခွင် စတင်ဝင်ရောက်ပြီဖြစ်ကြောင်း ကင်းမွန်လုပ်ငန်းရှင်များထံမှ သိရသည်။

မြန်မာ့ပင်လယ်ပြင်အတွင်း ငါးဖမ်းဆီးခြင်းလုပ်ငန်းဆောင်ရွက်နေသည့် ကင်းမွန်မီးထွန်းလှေများမှာ ပွင့်လင်းရာသီတွင် လုပ်ကိုင်ရသည့် လုပ်ငန်းအမျိုးအစားဖြစ်ပြီး ရာသီအလိုက် လုပ်ကိုင်ရသည့် ငါးဖမ်းလုပ်ငန်းတစ်မျိုးဖြစ်ကာမိုးလေကင်းစင်သည့် သီတင်းကျွတ်ကာလမှ သင်္ကြန်ကာလအထိ လုပ်ကိုင်ရကြောင်း လုပ်ငန်းရှင်များက ပြောကြားသည်။

"ကင်းမွန်ရာသီကပုံမှန်အားဖြင့် သီတင်းကျွတ်အချိန်အခါမှ သင်္ကြန်ပြီးတဲ့အထိလို့ အလွယ်တကူ မှတ်သားထားလို့ရတယ်။

*စာမျက်နှာ ၄ ကော်လံ ၁* ❖




မြန်မာ့အလင်း

# တန်းတူရည်တူ၊ စိတ်တူကိုယ်မျှ

ကမ္ဘာ့မြင်ကွင်းတွင် စစ်၏ အနိဋ္ဌာရုံများကို မိမိတို့ မြင်တွေ့နေကြရသည်။ သေကျေခြင်း၊ ပျက်စီးခြင်း၊ ဆုံးရှုံးခြင်း၊ ကွဲကွာခြင်း၊ ငိုကြွေးခြင်း၊ ပူဆွေးခြင်း၊ သောက၊ ပရိဒေဝများ ဖြစ်ပေါ်လာစေသည့် စစ်သည် စတင်ရန်ထက် အဆုံးသတ်ရန် ခက်ခဲသည်။ မူလက နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး စသည့်အကြောင်းရင်းခံ ပြဿနာတစ်ခုခုမှ စတင်သော်လည်း အပြန်အလှန်တိုက်ခိုက်မှုများကြောင့် အမုန်းတရားနှင့် ရန်ငြိုး၊ ဒေါသ၊ အာဃာတတို့ပါ ထပ်မံပေါ်ပေါက်လာသည်။

မိမိတို့ နိုင်ငံ၏ နှစ်ပေါင်း ၇၀ ကျော်ကြာ လူမျိုးစုလက်နက်ကိုင် ပဋိပက္ခများ အဆုံးသတ်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးညှိနှိုင်းရေးဟူသော နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ်ကို အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ သဘောတူထူထောင်ခဲ့ရာမှ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပေါ်ပေါက်လာခဲ့သည်။ ယခုအခါ NCA ၏ သက်တမ်းမှာ (၈) နှစ်တာကာလသို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ကမ္ဘာပေါ်တွင် အရှည်ကြာဆုံး လက်နက်ကိုင်ပဋိပက္ခများကို ရပ်စဲနိုင်ရေး၊ တစ်မျိုးသားလုံးစည်းလုံးညီညွတ်စွာဖြင့် နိုင်ငံတိုးတက်ရေး၊ ဒေသအလိုက်၊ တိုင်းရင်းသားလူမျိုးများအလိုက် အားလုံးဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ငြိမ်းချမ်းရေးဖိတ်ခေါ်ကာ ငြိမ်းချမ်းရေးဆွေးနွေးမှုများ စတင်ခဲ့သည်။

ငြိမ်းချမ်းရေးစားပွဲဝိုင်းတွင် တစ်ဖက်နှင့်တစ်ဖက် ရင်းရင်းနှီးနှီး၊ ငြိမ်းငြိမ်းချမ်းချမ်းဆွေးနွေးနိုင်ခဲ့ကြပြီးနောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၄ ဖွဲ့နှင့် တစ်ဖွဲ့ချင်း အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်များ ချုပ်ဆိုနိုင်ခဲ့သည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့၊ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) MICC-2 တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဖြစ်ကြသော KNU (ကရင်အမျိုးသားအစည်းအရုံး)၊ KNU/KNLA (P.C) [ ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(ငြိမ်းချမ်းရေးကောင်စီ)]၊ DKBA (ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်)၊ CNF (ချင်းအမျိုးသားတပ်ဦး)၊ PNLO (ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်)၊ RCSS (ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ)၊ ALP (ရခိုင်ပြည်လွတ်မြောက်ရေးပါတီ)၊ ABSDF (မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး) ဟူသော စုစုပေါင်း ရှစ်ဖွဲ့တို့သည် အစိုးရကိုယ်စားလှယ်များနှင့်အတူ ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ နိုင်ငံတကာအသိသက်သေများရှေ့မှောက်တွင် သမိုင်းဝင်လက်မှတ်ရေးထိုးခဲ့ကြသည်။

၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်တွင် NMSP (မွန်ပြည်သစ်ပါတီ) နှင့် LDU (လားဟူဒီမိုကရက်တစ်အစည်းအရုံး) တို့ပါ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)တွင် ပါဝင်လက်မှတ်ထိုးလာခဲ့ကြရာ စုစုပေါင်းအဖွဲ့အစည်း ၁၀ ဖွဲ့အထိရှိလာခဲ့သည်။ နိုင်ငံတော်အဆင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ NCA စာချုပ်တွင် အတူတကွလက်မှတ်ရေးထိုးခဲ့ကြသည့် ထိုနေ့များသည် မိမိတို့နိုင်ငံသမိုင်းတွင် မှတ်တမ်းဝင်သည့် မင်္ဂလာရှိသောနေ့ရက်များဖြစ်သလို ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးပါဝင်သည့် ပြည်သူလူထုတစ်ရပ်လုံးအတွက်လည်း ထာဝရငြိမ်းချမ်းရေး မျှော်လင့်ချက်ရောင်ခြည်များထွန်းလင်းကာ ဝမ်းမြောက်ဝမ်းသာ နှစ်ထောင်းအားရဖြစ်ကြရသောနေ့များပင်ဖြစ်သည်။

NCA သည် ငြိမ်းချမ်းရေးခရီးစဉ်၏ စမှတ်သာဖြစ်ပြီး ပန်းတိုင်မဟုတ်သေးစေကာမူ အပစ်အခတ်ရပ်စဲရေးသက်သက်မျှသာလည်းမဟုတ်။ NCA စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးပြီး ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များနှင့် ဖြစ်ပေါ်လာမည့်ဖြစ်စဉ်များကမူ ပစ်ခတ်တိုက်ခိုက်မှုများနှင့် အနိဋ္ဌာရုံများမှကင်းဝေးစေပြီး ငြိမ်းချမ်းရေးပန်းတိုင်ဆီသို့ တစ်ဆင့်ပြီးတစ်ဆင့်နီးသည်ထက်နီးကပ်သွားစေသည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး တန်းတူရည်တူ၊ စိတ်တူကိုယ်မျှ ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ကြသည်နှင့်အမျှ ထာဝရငြိမ်းချမ်းရေးကို မလွဲမသွေ ရရှိခံစားနိုင်ကြမည်ဟု ယုံကြည်ပါကြောင်း။ ။

# ၂၀၂၃ ခုနှစ်၊ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၃**


နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသောပါတီအမည်ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့် လျှောက်ထားလာသည့်အဖွဲ့ ၁၄ ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့် အဖွဲ့များအနက် နိုင်ငံရေးပါတီ ၁၀ ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်သည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၀ ပါတီအနက် ဦးမြင့်သန်း ခေါင်းဆောင်သည့် လေဘာပါတီ (Labour Party)က ပါတီတည်ထောင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာခြင်းဖြစ်သည်။ တည်ထောင်ခွင့်ပြုခဲ့သည့် နိုင်ငံရေးပါတီ ၁၀ ပါတီ မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့်အနက် ပါတီ ၇ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ဖြစ်သည်။ ကျန်ပါတီများကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥတ္တရသီရိမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ ပြည်သူများနှင့်တွေ့ဆုံ၍ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့်လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၃**



ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့်လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများကို ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မိုးစွေကျေးရွာအုပ်စု၊ ဘုရားတောင် ကျေးရွာအုပ်စု၊ တက်ရှိန်းကျေးရွာအုပ်စုနှင့် သရက်တောကျေးရွာအုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများ၊ အတွင်းရေးမှူးများနှင့် မဲဆန္ဒရှင်ပြည်သူများ တက်ရောက်၍ လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ **(အပေါ်ယာပုံ)**

ဦးစွာပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြု၍ စမ်းသပ်မဲပေးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး မဲရုံအဖွဲ့ဝင် တာဝန်ယူကိုင်တွယ်ဆောင်ရွက်ရသည့် ထိန်းချုပ်စက်ကို မဲဆန္ဒရှင်ပြည်သူများကိုယ်တိုင် ဆောင်ရွက်ခြင်း၊ လက်တွေ့စမ်းသပ်မဲပေးခြင်းနှင့် မဲရလဒ်စာရင်းများဖော်ပြသည့် စက္ကူဖြတ်ပိုင်းနှင့် မဲပေးချက်ဖော်ပြသည့်စက်တွင် ပါဝင်သော မဲပုံးအတွင်းမှ ဆန္ဒမဲဖြတ်ပိုင်းများ အရေအတွက် တူညီမှုရှိကြောင်းနှင့် မှန်ကန်မှုရှိကြောင်း တိုက်ဆိုင်စစ်ဆေးခြင်း စသည့်လုပ်ငန်းစဉ်များကို ပါဝင်ဆောင်ရွက်ကြသည်။

ရှင်းလင်း ဆွေးနွေးခြင်းနှင့် စမ်းသပ်မဲပေးခြင်းအစီအစဉ်များသို့ နံနက်ပိုင်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ အတွင်းရေးမှူးများနှင့် မဲဆန္ဒရှင်ပြည်သူ ၂၀၀၊ မွန်းလွဲပိုင်းတွင်လည်း ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ အတွင်းရေးမှူးများနှင့် မဲဆန္ဒရှင်ပြည်သူ ၂၄၀ တက်ရောက်ခဲ့ပြီး မဲပေးစက်ဖြင့် လက်တွေ့ဆန္ဒမဲပေးခဲ့ကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အောက်တိုဘာ ၁၁ ရက်မှ ၁၃ ရက်အထိ ဥတ္တရသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၀ ခုမှ မဲဆန္ဒရှင်ပြည်သူ ၁၃၆၀ ကို အီလက်ထရောနစ်မဲပေးစက်အသုံးပြု၍လက်တွေ့စမ်းသပ်မဲပေးခြင်းကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား ထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၃**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၈) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဝတ်စုံပြည့်အစမ်းလေ့ကျင့်နေမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၃**
တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) (၈) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ (MICC-2) ၌ ကျင်းပသည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး ဝတ်စုံပြည့် အစမ်းလေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။







တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) (၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အခမ်းအနား ဖွင့်လှစ်မှု၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနတို့မှ ပြခန်းများ ခင်းကျင်းပြသထားမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ အကအဖွဲ့များ ကပြဖျော်ဖြေမှုများ အပါအဝင် နှစ်ပတ်လည်နေ့ အခမ်းအနား အစီအစဉ်အလိုက် ဝတ်စုံပြည့် အစမ်းလေ့ကျင့် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) (၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို အောက်တိုဘာ ၁၅ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ (MICC - 2) ၌ နိုင်ငံရေး အနှစ်သာရရှိရှိ ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကယားပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့မှ ဘီလူးချောင်းရေမြင့်တက်မှုကြောင့် ရေဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရေးနှင့် ရေဝင်ရောက်သည့်ရပ်ကွက်ကျေးရွာများသို့ ကွင်းဆင်းကြည့်ရှု

**လွိုင်ကော် အောက်တိုဘာ ၁၃**
ကယားပြည်နယ် သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းက ကယားပြည်နယ် အစိုးရအဖွဲ့ရုံးဝင်းအတွင်း ဖွင့်လှစ်ထားသည့် ရေဘေးကွပ်ကဲရေးရုံး၌ လွိုင်ကော်မြို့အတွင်း ဘီလူးချောင်းရေမြင့်တက်မှုကြောင့် ရေဘေး အန္တရာယ် ကျရောက်လာပါက စီမံခန့်ခွဲမှုလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရေးအတွက် ဌာနဆိုင်ရာအသီးသီးမှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် လွိုင်ကော်မြို့အတွင်း ဘီလူးချောင်းရေမြင့်တက်မှုကြောင့် ရပ်ကွက်၊ ကျေးရွာအချို့ရှိ စပါးစိုက်လယ်ကေများ၊ ငါးမွေးမြူရေးကန်နှင့် လူနေအိမ်အချို့တွင် ရေဝင်ရောက်လျက်ရှိရာ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးရန်နှင့် အချက်အလက်စာရင်းဇယားများ ကောက်ယူရန်လိုအပ်ကြောင်း၊ ရေဆက်လက်မြင့်တက်လာပါက ရေနစ်မြုပ်နိုင်သည့် နေအိမ်များရှိ ပြည်သူများအား ကြိုတင်စီစဉ်ထားသည့် ယာယီခိုလှုံရေးစခန်းများသို့ အမြန်ဆုံးပြောင်းရွှေ့နေရာချထားပေးနိုင်ရေးနှင့် လိုအပ်သည်များ ထောက်ပံ့ကူညီပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံပြာကျေးရွာရှိ စပါးခင်းများ



ရေဝင်ရောက်မှုရှိ၊ မရှိ အခြေအနေများကိုကြည့်ရှုပြီး တောင်သူများအား ဒုတိယသီးနှံအဖြစ် စိုက်ပျိုးမည့် ရေဆင်း(၁)စပ်မျိုးနေကြာအိတ်များကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ရေဝင်ရောက်လျက်ရှိသည့် မုံပြာကျေးရွာရှိ ငါးလုပ်ငန်းဦးစီးဌာန၏ ငါးမွေးမြူရေးကန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကာ ရေများပြန်လည်ကျဆင်းသွားပါက ငါးကန်အား အမြန်ဆုံးပြင်ဆင်၍ ငါးမျိုးများ ပြန်လည်ထည့်သွင်းနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်နှင့် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း မှာကြားပြီး ကယ်ဆယ်ရေး လုပ်ငန်းများ လိုအပ်လာပါက ကူညီ ဆောင်ရွက်ပေးနိုင်ရန် အသင့်ရောက်ရှိနေသည့် မီးသတ်တပ်ဖွဲ့ဝင်များအား ထောက်ပံ့ငွေနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ကျေးရွာနေပြည်သူများ ၏ နေအိမ်၊ စပါးစိုက် ခင်းနှင့် စိုက်ပျိုးသီးနှံ စိုက်ခင်းများအတွင်း ရေဝင်ရောက်မှု အခြေအနေများ မေးမြန်းဆွေးနွေးခဲ့ပြီး ပြည်သူများ၏ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက နမ့်ကွတ်ရပ်ကွက်အတွင်းရှိနေအိမ်များ၌ ဘီလူးချောင်းရေဝင်ရောက်မှုအခြေအနေများကို သွားရောက်ကြည့်ရှုခဲ့ကြကာ ရပ်ကွက်အတွင်းရှိ ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးပြီး ကူညီထောက်ပံ့ပေးသွားမည့် အခြေအနေ များနှင့် ပတ်သက်၍ ပြောကြားခဲ့ကြောင်း သိရသည်။ **ကိုဇင်(လွိုင်ကော်)**

# မြန်မာ ယူ-၁၉ အသင်း စတင်လေ့ကျင့်ပြင်ဆင်

**နေပြည်တော် အောက်တိုဘာ ၁၃**
မြန်မာ ယူ-၁၉ အသင်းသည် ၂၀၂၄ ခုနှစ်တွင် ယှဉ်ပြိုင်ရမည့် နိုင်ငံတကာ ပြိုင်ပွဲများအတွက် စတင်လေ့ကျင့်ပြင်ဆင်နေပြီဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းသည် ၂၀၂၄ ခုနှစ်တွင် အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲနှင့် အာရှဖလား ယူ-၂၀ ခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး နည်းပြချုပ်အဖြစ် ဦးအောင်နိုင်က တာဝန်ယူကိုင်တွယ်လျက်ရှိသည်။ မြန်မာ ယူ-၁၉ အသင်းသည် စတင်လေ့ကျင့်နေပြီဖြစ်သော်လည်း ဒီဇင်ဘာအထိ ကစားသမားများအင်အားဖြည့်တင်းခြင်းနှင့် လျှော့ချခြင်းများပြုလုပ်ကာ ယခုနှစ်ကုန်ပိုင်းမှသာ ပဏာမကစားသမားများ အတည်ပြုမည်ဖြစ်သည်။ လက်ရှိရွေးချယ်ထားသည့် ကစားသမား ၂၈ ဦးတွင် ၂၀၂၃ ရာသီ MNL-2 ပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် Junior Lions အသင်းမှ ကစားသမားများ၊ အခြားကလပ်အသင်းများမှ ခြေစွမ်းပြနေသူများကို ရွေးချယ်ထားခြင်းဖြစ်သည်။

အောက်တိုဘာ ၁၈၊ ၂၀ ရက်တွင် ကျင်းပ ပြီးစီးခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၈ ပြိုင်ပွဲမှ ခြေစွမ်းပြသူများကို ရွေးချယ်ထားသည့် တိုင်းစတားအသင်းနှင့် လူရွေးပွဲ နှစ်ပွဲကစားမည်ဖြစ်ပြီး အလားအလာရှိသူများကို အားဖြည့်ရွေးချယ်မည်ဖြစ်သည်။ ထို့ပြင် MNL ပြိုင်ပွဲတွင် ခြေစွမ်းပြပြီး အသက်မီသည့် ကစားသမားများကိုလည်း ရွေးချယ်ရန်ရှိကြောင်း သိရသည်။ **ရဲရင့်လွင်**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာထမ်း/အမှုထမ်းများအတွက်ဘာသာစကားသင်တန်းများ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၃**

နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တို့ ပူးပေါင်းဆောင်ရွက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာထမ်း/ အမှုထမ်းများအတွက် ကုလသမဂ္ဂရုံးသုံးဘာသာစကားများဖြစ်သည့် အင်္ဂလိပ်၊ တရုတ်၊ ပြင်သစ်၊ ရုရှား၊ စပိန်ဘာသာစကားများနှင့် အခြားဘာသာစကားများ ဖြစ်ကြသည့် ထိုင်း၊ ကိုရီးယား၊ ဂျာမန်နှင့် ဂျပန်၊ အီတလီ စုစုပေါင်း ဘာသာစကား (၁၀) မျိုး သင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန (နေပြည်တော်)ရှိလောကနတ်ခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်၍ သင်တန်းဖွင့်ပွဲအမှာစကား ပြောကြားသည်။ ဆက်လက်၍ ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာ ကြည့်ရှင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ ပါမောက္ခချုပ်ဒေါက်တာကြည့်ရှင်၊ ဒုတိယပါမောက္ခချုပ်များ၊ သင်တန်းနည်းပြများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား/သူများ တက်ရောက်ကြသည်။



အဆိုပါ ဘာသာစကားသင်တန်းများကို ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၌ ယနေ့မှစတင်၍ Online စနစ်ဖြင့်လည်းကောင်း၊ In-person စနစ်ဖြင့်လည်းကောင်း ဖွင့်လှစ်သင်ကြား ပို့ချသွားမည်ဖြစ်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဝန်ကြီးရုံးနှင့် ဦးစီးဌာနအသီးသီးရှိ အရာထမ်း/ အမှုထမ်း စုစုပေါင်း ၁၉၄ ဦး တက်ရောက်ကြမည်ဖြစ်ရာ ဘာသာစကားအသီးသီးကို ကျွမ်းကျင် တတ်မြောက်နိုင်ရန်နှင့် ထိရောက်ပိုင်နိုင်စွာ အသုံးချနိုင်ရန်အတွက် လေ့ကျင့်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်ရန် နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၃**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို အောက်တိုဘာ ၁၅ ရက်တွင် နေပြည်တော် MICC-2 ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်သည်။



အဆိုပါ အခမ်းအနားသို့ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ဖိတ်ကြားထားခဲ့ရာ NCA လက်မှတ်ရေးထိုးထားသော ကရင်တိုင်းရင်းသားခေါင်းဆောင် စောမူတူးစေးဖိုး၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယွက်စစ်၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) ဥက္ကဋ္ဌ ကျာဆော်လမွန်၊ NCA တွင် ပါဝင် လက်မှတ်ရေးထိုးခဲ့ကြသည့် EAOs ခေါင်းဆောင်များဖြစ်သည့် ဦးခွန်ဥက္ကာ၊ ဦးခိုင်စိုးနိုင်အောင်၊ ဦးမျိုးဝင်းနှင့် အခမ်းအနားသို့ ဖိတ်ကြားထားသည့် EAO ကိုယ်စားလှယ်များသည် ယနေ့ မွန်းလွဲပိုင်းတွင် တာချီလိတ်မြို့မှ လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိကြသည်။

အဆိုပါ EAO ခေါင်းဆောင်များအား အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ငြိမ်းချမ်းရေးကို လိုလားသည့် ဒေသခံပြည်သူများက ထာဝရငြိမ်းချမ်းရေးကို ရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန်ဖြစ်သည်၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့ စသည့် စာသားပါဆိုင်းဘုတ်များ ကိုင်ဆောင်၍လည်းကောင်း၊ နိုင်ငံတော်အလံငယ်များ ကိုင်ဆောင်၍လည်းကောင်း နေပြည်တော် လေဆိပ်၌ ကြိုဆိုခဲ့ကြသည်။

ထို့ပြင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များကလည်း NCA နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ နေပြည်တော်သို့ ထွက်ခွာလာကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





❖ ***ရွှေဖုံးမှ***

အောက်တိုဘာလမှ မေလအထိ လုပ်ကိုင်ကြတဲ့ လှေတွေလည်း ရှိပါတယ်။ ပင်လယ်ထဲမှာ လကွယ်ရက်တွေကိုတွက်ချက်ပြီး ကင်းမွန်ဖမ်းဆီးလုပ်ကိုင်ရတာပါ။ လှေတချို့တော့ ပင်လယ်ပြင်ကို ထွက်ခွာနေကြပါပြီ။ ရာသီစတင်ပြီလို့ ပြောလို့ရပါတယ်။ ကင်းမွန်လှေတွေမှာ မိုးတွင်းမှာ လုပ်ငန်းရပ်နားပြီး လှေထောင်တင် ပြင်ဆင်တာတွေလုပ်ပြီး ပွင့်လင်းရာသီရောက်ပြီဆိုရင် လုပ်ငန်းခွင်ဝင်ကြတာပါ”လို့ ကင်းမွန်လှေလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ကင်းမွန်လှေတစ်စီး ပင်လယ်ပြင်အထွက်စရိတ်မှာ လှေအရွယ်အစားအလိုက်ကွာခြားပြီး ကျပ်သိန်းရာချီ ကုန်ကျကြကြောင်းနှင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်း ကင်းမွန်လှေ (တဝလိုင်စင်) အစီးရေ ၃၀၀ ခန့်ရှိပြီး ကင်းမွန်လှေငယ် ၅၀၀ ကျော်ရှိကြောင်း မြိတ်ခရိုင် ကင်းမွန်လုပ်ငန်းရှင်များအသင်းမှ သိရသည်။

“ဒီနှစ်ရာသီမှာ အထွက်စရိတ်တွေတော့ကြီးနေတယ်။ ကင်းမွန်အရည်အသွေး 1,2,3 တစ်ဗန်း (၁၀ ပိဿာဝင်တစ်ဗန်း) ကို ငွေကျပ် ၂၅၀၀၀၀ လောက်ဈေးရှိနေတယ်။ ရာသီဖွင့်လို့ ကင်းမွန်တွေရလာရင်ဘယ်ဈေးဖွင့်ကြမလဲ မသိသေးဘူး” ဟု ကင်းမွန်လှေပိုင်ရှင်တစ်ဦးက ပြောသည်။

မြန်မာ့ပင်လယ်ပြင် အတွင်း ငါးမဖမ်းရရာသီတွင် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လမျိုးကို သတ်မှတ်ခဲ့ရာ ကမ်းဝေး ကင်းမွန်လှေကြီးများလည်း ရပ်နားခဲ့ရကြောင်း၊ ငါးလုပ်ငန်းဦးစီးဌာနက မေလ ၂ ရက်စွဲဖြင့် မြန်မာနိုင်ငံ ကမ်းရိုးတန်းဒေသငါးခုတွင် ပိတ်ပင်ထားခြင်းကို ဖြေလျှော့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အခြေပြုလုပ်ကိုင်နေသော ကင်းမွန်ငါးဖမ်းလှေများကို မေလတွင် ငါးဖမ်းဆီးခွင့် ပြန်လည်ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

# ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတွင် ပါဝင်သည့်နိုင်ငံများနှင့် စီးပွားရေးနှင့် ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့မှုအပေါ်အသိပညာမျှဝေဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၃**

သောကြာနေ့ စကားဝိုင်း (Friday Talk) ၏ အမှတ်စဉ်(၃၃) ဆွေးနွေးပွဲအဖြစ် "ရပ်ဝန်းနှင့် ပိုးလမ်းမ စီမံကိန်းတွင် ပါဝင်သည့် နိုင်ငံများနှင့် စီးပွားရေးနှင့်ကုန်သွယ်မှု ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့မှု အပေါ် အသိပညာမျှဝေဆွေးနွေးခြင်းအစီအစဉ်ကို ယနေ့ မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ယနေ့ဆွေးနွေးမည့် အကြောင်းအရာမှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ကုန်သွယ်မှုအဆင်ပြေ ချောမွေ့စေရေးနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၏ အနာဂတ်သယ်ယူပို့ဆောင်မှုတို့အား ကမ္ဘာနှင့်ချိတ်ဆက်ဆောင်ရွက်နေသည့် အကြောင်းအရာများကို သိရှိနိုင်မည်ဖြစ်ပြီး အရာထမ်း၊ အမှုထမ်းများအနေဖြင့် လက်ရှိကမ္ဘာ့ဖြစ်ပေါ် တိုးတက်ပြောင်းလဲမှုများကို သိရှိထားခြင်းဖြင့် ကမ္ဘာနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်ရန် စိတ်ပါဝင်စားစွာဖြင့် ပြည့်ပြည့်ဝဝ ဆွေးနွေးမေးမြန်းကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ဦးစီးအရာရှိ ဒေါ်သိဂီထွန်းက "ရပ်ဝန်းနှင့် ပိုးလမ်းမ စီမံကိန်းတွင်ပါဝင်သည့် နိုင်ငံများနှင့် စီးပွားရေးနှင့် ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့မှုအပေါ် အသိပညာမျှဝေဆွေးနွေးခြင်း" ခေါင်းစဉ်ဖြင့် အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခြင်းနှင့် ဖြည့်စွက်ဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**





## ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း မြောင်းမြမြို့ ဒေသသုတေသနဇဟိုဌာန၌ ကျင်းပသည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့အကြို တောင်သူကွင်းသရုပ်ပြပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့် ကြည့်ရှုအားပေး



**မြောင်းမြ အောက်တိုဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အစိုးရအဖွဲ့ဝင်များသည် မြောင်းမြမြို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ဒေသသုတေသနဇဟိုဌာန (မြောင်းမြ) ၌ ကျင်းပသည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အကြို တောင်သူကွင်းသရုပ်ပြပွဲ အခမ်းအနားသို့ ယမန်နေ့က တက်ရောက်ချီးမြှင့် ကြည့်ရှုအားပေးသည်။

အဆိုပါကမ္ဘာ့စားနပ်ရိက္ခာနေ့ အကြို တောင်သူကွင်းသရုပ်ပြပွဲ အခမ်းအနားတွင် ဒေသသုတေသနဇဟိုဌာန (မြောင်းမြ) တာဝန်ခံ ဒေါ်ဖြူပြာလွင်က ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးရာသီတွင် ဆောင်ရွက်ထားရှိသည့် မိုးရေသောက်လယ်စပါး၊ အရည်အသွေးကောင်းစပါး၊ စပ်မျိုးစပါး၊ ရေမြုပ်ခံစပါးနှင့် ရေနေခံစပါး သုတေသနများ၊ မျိုးကူးစပ်ခြင်း သုတေသန၊ ပေါ်ဆန်းမွှေးစပါးမျိုးများကို မျိုးသန့်လိုင်းရွေးချယ်ခြင်း သုတေသန၊ ပေါ်ဆန်းစပါး စိုက်ချိန်စမ်းသပ်ခြင်း သုတေသန၊ ပေါ်ဆန်းအရည်အသွေးမြှင့်တင်ရေးနှင့် မြေဆီလွှာထိန်းသိမ်းရေး သုတေသန (ပိုက်ဆံလျှော်+နွားချေး+ သဘာဝမြေဩဇာ) သုတေသနများနှင့် သုတေသနရလဒ်များအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောင်းလဲလာသော ရာသီဥတုနှင့်အညီ ဒေသနှင့်ကိုက်ညီပြီး ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသည့်အပြင် အထွက်ကောင်း၍ ဈေးကွက်ရှိသည့် စပါးသုတေသနများ၊ ဆီထွက်သီးနှံ သုတေသနများ၊ ဟင်းသီးဟင်းရွက်နှင့် နှစ်ရှည်ပင် သုတေသနများကို မိမိဌာနအပြင် ဒေသအလိုက် တောင်သူများနှင့်အတူ သုတေသနပြုဆောင်ရွက်သွားရန်၊ နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သည့် အဓိကသီးနှံများအား ပန်းတိုင်အထွက်နှုန်းရောက်ရှိရေး သုတေသနပြုဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကသာ၌ သီးနှံအခြေခံယို၊ ဖျော်ရည်အမျိုးမျိုးနှင့် သီးနှံခြောက်တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

**ကသာ အောက်တိုဘာ ၁၃**



စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေဖြင့် ကသာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးကြပ်၍ ဖွင့်လှစ်သည့် သီးနှံအခြေခံယို၊ ဖျော်ရည်အမျိုးမျိုးနှင့် သီးနှံခြောက်တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ကသာခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် ကသာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်က ယခုဖွင့်လှစ်သည့် သင်တန်းသည် မိမိဒေသတွင် ထွက်ရှိသည့် ကုန်ကြမ်းများကို အသုံးပြုပြီး စားသောက်ကုန်များ၊ လူ့အသုံးအဆောင်ပစ္စည်းများကို ကိုယ်တိုင်ထုတ်လုပ် ဆောင်ရွက်နိုင်ရေးနှင့် တစ်ပိုင်တစ်နိုင်မိသားစု စီးပွားရေးမှ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ ဒေသတစ်ခုထွက်ကုန်တစ်မျိုး ဖြစ်စေရန် ကြိုးစားသင်ယူကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ကသာခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းဆွေက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို အောက်တိုဘာ ၁၃ ရက်မှ ၁၉ ရက်အထိ သင်တန်းသား သင်တန်းသူ ၂၀ ဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကျေးရွာပေါင်း ၁၅၅ ရွာတွင် မိသားစုဝင်ငွေတိုး စီမံကိန်းလုပ်ငန်း ခုနစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပြီး ဒေသတစ်ခုတွင် လုပ်ငန်းရှင် ငါးဦးပေါ်ထွက်လာရေး နှင့် လုပ်ငန်းရှင်တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းဖိုးနှင့် ညီမျှသော ဖွံ့ဖြိုးရေးသုံးပစ္စည်းများကို ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်စွာထွန်း(ကသာ)**

## ပဲခူးမြို့ ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ လှူဒါန်း

**ကျောက်တန်း အောက်တိုဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့ အနောက်ပိုင်းရပ်ကွက် ဇေယျာသိဒ္ဓိကျောင်းတိုက်ဆရာတော် ဦးဓမ္မသာရ ဦးဆောင်ပြီး အလှူရှင်များ လှူဒါန်းမှု စုစုပေါင်းကျပ်သိန်း ၅၀ တန်ဖိုးရှိ ဆန် ၂၆ အိတ်၊ ဆီ ၃၂၅ ပိသာ၊ ရေသန့်ကတ် ၂၉၀၊ ခေါက်ဆွဲခြောက် ဖာ ၉၀၊ မုန့်မျိုးစုံ ၃၃၆ ဖာ၊ ဆပ်ပြာ ၁၀ ကတ်တို့ကို အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက ပဲခူးမြို့ ကျောက်ကြီးစုရပ်ကွက်နှင့် ဇိုင်းဂနိုင်းကြီးရပ်ကွက်တို့ရှိ ရေကြီးနစ်မြုပ်မှုဖြစ်ပွားခဲ့သော ရေဘေးသင့်ဒေသခံပြည်သူ အိမ်ထောင်စု ၄၅၀ အတွက် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

(၂၀၉)



**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး မျှော်လင့်ချက်



**ယနေ့ မျက်မှောက်ကမ္ဘာကြီးတွင် အရေးကြီးဆုံးလိုအပ်သည့်အရာများမှာ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ဖြစ်ပြီး ယင်းတို့သည် နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်းတစ်ခုမှအစပြု၍ ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်းများအားလုံးကို ဖြေရှင်းပေးနိုင်ရန် အချင်းချင်း အမှီသဟဲပြု ချိတ်ဆက်လျက်ရှိသည်။**

စလင်း – စည်သူကျော်ထင်

ငြိမ်းချမ်းမှုဖြင့် ကမ္ဘာ့ပြည်သူအားလုံးလိုလားတောင့်တသည့် လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများမှတစ်ဆင့် စိတ်အေးချမ်းသာမှုနှင့် သာယာပျော်ရွှင်မှုတို့ကို ရရှိခံစားနိုင်ကြမည်ဖြစ်သည်။

ငြိမ်းချမ်းရေးဆိုသည်မှာ ရန်လိုမှုနှင့် အကြမ်းဖက်မှုကင်းစင်လျက် လူမှုအသိုက်အဝန်း၌ ချစ်ကြည်မှုနှင့် သဟဇာတဖြစ်မှု သဘောတရားဖြစ်ကြောင်း အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ ငြိမ်းချမ်းရေးကို လူမှုရေးသဘောတရားအရ လူတစ်ဦးချင်း သို့မဟုတ် ကွဲပြားသော အုပ်စုများအကြား ပဋိပက္ခများကင်းစင်ခြင်း သို့မဟုတ် အကြမ်းဖက်မှုမှ ကင်းဝေးခြင်းကို ရည်ညွှန်းရန် သုံးနှုန်းသည်။ ဒေသတွင်းငြိမ်းချမ်းရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးများ ဖြစ်ပေါ်စေရန် ရည်ရွယ်၍လည်း ငြိမ်းချမ်းရေးဖော်ဆောင်ခြင်းနှင့် သံတမန်ရေးရာကို သဘောတူညီမှုစာချုပ်များ၊ ငြိမ်းချမ်းရေး ပဋိညာဉ်များ ချုပ်ဆိုခြင်းတို့ကို သမိုင်းတစ်လျှောက် ကျင့်သုံးခဲ့ကြသည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုရှိခြင်းသည် ထိုနိုင်ငံ၏ ငြိမ်းချမ်းရေးပြယုဂ်ပင်ဖြစ်သည်။ နိုင်ငံသားအချင်းချင်း ချစ်ကြည်စည်းလုံးမှုရှိခြင်းသည် ငြိမ်းချမ်းခြင်း၏ သင်္ကေတတစ်ခုဖြစ်သည်။ ထို့ကြောင့် ယနေ့မြန်မာနိုင်ငံ၏ မျက်မှောက်ခေတ် ပထဝီနိုင်ငံရေးအခြေအနေအရ အလိုအပ်ဆုံးအချက်မှာလည်း ငြိမ်းချမ်းရေးပင် ဖြစ်သည်။

အများသိကြပြီးဖြစ်သည့်အတိုင်း ရေ၊ မြေ၊ သယံဇာတပေါကြွယ်ဝသည့် မြန်မာနိုင်ငံသည် ကိုလိုနီစနစ် လှိုင်းတံပိုးအောက်တွင် နှစ်ပေါင်း ၁၀၀ ကျော်တိုင် ရောက်ရှိခဲ့သည်။ နယ်ချဲ့လက်အောက်မှ လွတ်မြောက်ရေးအတွက် ခေတ်အဆက်ဆက် တိုင်းရင်းသားများ သွေးစည်းညီညွတ်မှုဖြင့် တွန်းလှန်နိုင်ခဲ့ကြသည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် တောင်တန်း – ပြည်မ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုဖြင့် ချုပ်ဆိုခဲ့သည့် ပင်လုံစာချုပ်၏ ကျေးဇူးဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုအဖြစ် ကမ္ဘာ့အလယ်တွင် ဝံ့ထည်စွာ ရပ်တည်နိုင်ခဲ့သည်။ သို့သော် တိုင်းပြည်လွတ်လပ်ခဲ့သော ၁၉၄၈ ခုနှစ်မှစတင်ပေါ်ပေါက်လာခဲ့သည့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများသည် ယနေ့တိုင်အောင် အရှိန်ကောင်းနေဆဲပင် ဖြစ်သည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် အခုရေတွင်းတူး၊ အခုရေကြည်သောက်ချင်၍မရဘဲ သိမ်မွေ့နက်နဲ ရှည်လျားကျယ်ပြန့်လှသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ သို့သော် ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့မှာ တိုက်ရိုက်အချိုးကျနေသဖြင့် ပြည်တွင်းငြိမ်းချမ်းရေး တစ်ရက်စောရလျှင် တစ်ရက်အကျိုးရှိသည့် လုပ်ငန်းစဉ်ဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရ အဆက်ဆက်တို့သည် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် အစဉ်အဆက်ကြိုးပမ်းခဲ့ကြသည်။

## ဝန်ကြီးချုပ်ဦးနုလက်ထက် ငြိမ်းချမ်းရေးကြိုးပမ်းမှု

နိုင်ငံလွတ်လပ်ရေးရရှိချိန်မှစတင်၍ နယ်ချဲ့၏ ဆိုးမွေအဖြစ်ပါလာသော သွေးကွဲမှု အခြေခံဝါဒစွဲ၊ ဂိုဏ်းဂဏစွဲအခြေခံများကြောင့် ပြည်တွင်းလက်နက်ကိုင် သောင်းကျန်းမှုကြီးများကို အဆက်ဆက်သော အစိုးရများနှင့်တကွ ပြည်သူများ ခါးစည်းခံခဲ့ကြရသည်။ ထို့ကြောင့် ဝန်ကြီးချုပ် ဦးနုအစိုးရလက်ထက် ၁၉၅၈ ခုနှစ်တွင် ကျင်းပသည့် (၁၃) ကြိမ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့တွင် ဝန်ကြီးချုပ် ဦးနုက ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး ငြိမ်းချမ်းရေး အမြန်ရရှိရေး သင်ပုန်းချေဝါဒကျင့်သုံးမည်ဟု ကြွေးကြော်ခဲ့သည်။ ထိုစကားနှင့်အညီ ၁၉၅၈ ခုနှစ် ဇွန်လ ၂၄ ရက်တွင် ဝန်ကြီးချုပ်နေအိမ်မဏ္ဍပ်၌ သန့်ရှင်းဖဆပလခေါင်းဆောင်များနှင့် တွေ့ဆုံရာတွင် ဦးနုက **“သူမနာ ကိုယ်မနာ ငြိမ်းချမ်းရေး ရအောင် တောတွင်းရဲဘော်တွေ လိုချင်တဲ့ အဓိက ၂ ချက်ဖြစ်တဲ့ လွတ်ငြိမ်း ချမ်းသာခွင့်ကို (ဝါ) ၂ ဦး ၂ ဘက် ကျူးလွန်ခဲ့ချက်အားလုံးကို သင်ပုန်းချေဘို့အတွက် အစိုးရက လွတ်ငြိမ်းချမ်းသာခွင့် ဥပဒေလို့ခေါ်တဲ့ သင်ပုန်းချေ ဥပဒေတရပ်ပြဋ္ဌာန်းပေးဘို့၊ ဥပဒေအတွင်းဝင်လာပြီးနောက် သူတို့နဲ့ ပါတီအဖွဲ့အစည်းတွေကို တရားဝင်ပါတီ အဖွဲ့အစည်းများအဖြစ်နဲ့ လွတ်လပ်စွာ ထူထောင်ခွင့်ပြုဘို့ဆိုတဲ့အချက်တွေကို ကျွန်တော်ဟာ ဖဆပလ သန့်ရှင်းဥက္ကဋ္ဌ အနေနဲ့ငှင်း၊ အစိုးရအဖွဲ့ ဝန်ကြီးချုပ် အနေနဲ့ငှင်း၊ အရင်က လုပ်ဖော်ကိုင်ဘက်များ အနေနဲ့ငှင်း၊ တောတွင်းရဲဘော်တို့ အလိုရှိတဲ့အတိုင်း အပြည့်အဝ အခိုင်အမာ လုပ်ပေးပါ့မယ်ဆိုတာ တိုင်းသိပြည်သိ အတိအလင်းကတိပေးပါတယ်”**ဟု ပြောကြားခဲ့သည်။

**❏ သမိုင်းတစ်လျှောက် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များကို သုံးသပ်ကြည့်မည်ဆိုပါက တိုင်းရင်းသားများအနေဖြင့် မိမိတို့၏ဆန္ဒနှင့် လိုလားချက်များကို လက်နက်ကိုင်တောင်းဆိုနေ၍ မရဘဲ ဒီမိုကရေစီစံနှုန်းနှင့်အညီ ပေါင်းစပ်ညှိနှိုင်းပြီး ဆွေးနွေးဆုံးဖြတ် ဆောင်ရွက်သွားကြရမည်ဆိုသည့်အချက်မှာ ငြင်းဆို၍မရနိုင်ပေ။ ထို့ကြောင့် နိုင်ငံရေးစင်မြင့်ဖြစ်သည့် လွှတ်တော်ထဲသို့ တိုင်းရင်းသားကိုယ်စားလှယ်များ စုံစုံညီညီရောက်ရှိပြီး လိုလားချက်များ၊ ရည်မှန်းချက်များကို လွှတ်တော်အသီးသီးတွင် ပွင့်လင်းမြင်သာစွာ ဆွေးနွေး၊ ဆုံးဖြတ်၊ အကောင်အထည်ဖော်နိုင်ရန်အရေးကြီး**

**❖ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုရှိခြင်းသည် ထိုနိုင်ငံ၏ ငြိမ်းချမ်းရေးပြယုဂ်ပင်ဖြစ်သည်။ နိုင်ငံသားအချင်းချင်း ချစ်ကြည် စည်းလုံးမှုရှိခြင်းသည် ငြိမ်းချမ်းခြင်း၏ သင်္ကေတတစ်ခုဖြစ်သည်။ ထို့ကြောင့် ယနေ့မြန်မာနိုင်ငံ၏ မျက်မှောက်ခေတ် ပထဝီနိုင်ငံရေးအခြေအနေအရ အလိုအပ်ဆုံးအချက်မှာလည်း ငြိမ်းချမ်းရေးပင်ဖြစ်**

**❖ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့မှာ တိုက်ရိုက်အချိုးကျနေသဖြင့် ပြည်တွင်းငြိမ်းချမ်းရေး တစ်ရက်စောရလျှင် တစ်ရက်အကျိုးရှိသည့် လုပ်ငန်းစဉ်ဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရအဆက်ဆက်တို့သည် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် အစဉ်အဆက်ကြိုးပမ်းခဲ့**

ဝန်ကြီးချုပ်ဦးနု ကတိပေးခဲ့သည့်အတိုင်း ၁၉၅၈ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် သင်ပုန်းချေလွတ်ခွင့်ဥပဒေကို နိုင်ငံတော်သမ္မတအမိန့်ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းနောက် ပြည်တွင်းငြိမ်းချမ်းရေး အကောင်အထည်ဖော်ရေးအတွက် အလင်းဝင်ရေးကိစ္စများ၊ ကာကွယ်ရေးကိစ္စများကို ဝန်ကြီးချုပ် ဦးနု သဘာပတိအဖြစ် ဆောင်ရွက်သော အမျိုးသားကာကွယ်ရေးကောင်စီက ဆုံးဖြတ်ညွှန်ကြားချက်များ ချမှတ်ပေးခဲ့သည်။

ထို့ကြောင့် ၁၉၅၈ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် ပြည်သူ့ရဲဘော်အဖွဲ့ အလင်းဝင်ခဲ့သည်။ ထို့နောက် မွန်ပြည်သူ့တပ်ဦးအဖွဲ့ဝင် ၅၀၀ ကျော်နှင့် ပအိုဝ်အမျိုးသားလွတ်မြောက်ရေး အဖွဲ့ခေါင်းဆောင် သထုံဦးလှဖေနှင့် တပ်ဖွဲ့တပ်မှူးကြီး ဗိုလ်ချန်ဇုံတို့ ခေါင်းဆောင်သည့် အဖွဲ့ဝင် ၁၀၀၀ ကျော် အလင်းဝင်လာခဲ့သည်။ ထို့အတူ တောတွင်းပါတီအချို့ ငြိမ်းချမ်းရေးအတွက် စကားကမ်းလှမ်းလာခဲ့ကြသည်။ သို့သော်လည်း နောက်ပိုင်းတွင် နိုင်ငံရေးသမားများ၏ ဂိုဏ်းဂဏစွဲပဋိပက္ခများ ပေါ်ပေါက်လာမှု၊ နိုင်ငံရေးပါတီများအကြား စည်းလုံးညီညွတ်မှုပြိုကွဲလာမှုတို့နှင့်အတူ နိုင်ငံရေးအာဏာအပြောင်းအလဲများ ဖြစ်ပေါ်လာခဲ့ပြီးနောက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် မုန့်လုံးစက္ကူကပ် ဇာတ်မျောကြီး ဖြစ်ခဲ့ရသည်။

## တော်လှန်ရေးကောင်စီအစိုးရလက်ထက် ငြိမ်းချမ်းရေးကြိုးပမ်းမှု

ထို့နောက် ၁၉၆၂ ခုနှစ် ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သည့် တော်လှန်ရေးကောင်စီအစိုးရသည် မြန်မာနိုင်ငံကို ဆိုရှယ်လစ်စနစ်ဖြင့် ပြန်လည်ထူထောင်ရန်ကြိုးပမ်းရာ၌ တစ်မျိုးသားလုံးစည်းလုံးညီညွတ်မှုဖြင့် တည်ဆောက်လိုသောကြောင့် ပြည်ထောင်စုကြီး တစ်ခုလုံးအား ပြန်လည်စုစည်းရမည့် အစီအစဉ်တစ်ရပ်ကို ချမှတ်ခဲ့သည်။

တော်လှန်ရေးကောင်စီအစိုးရသည် အမျိုးသားစည်းလုံးညီညွတ်မှုကို ထူထောင်ရန် ကြိုးပမ်းမှုအနေဖြင့် ၁၉၆၃ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို ထုတ်ပြန်၍ လက်နက်ကိုင်လမ်းစဉ် ကျင့်သုံးနေကြသော သောင်းကျန်းသူများကို ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး နိုင်ငံထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ရန် ဖိတ်ခေါ်ခဲ့သည်။

တော်လှန်ရေးကောင်စီက ထုတ်ပြန်သော လွတ်ငြိမ်းချမ်းသာခွင့်အမိန့်အရ မြန်မာနိုင်ငံ အရပ်ရပ်ရှိ အကျဉ်းထောင်များမှ အကျဉ်းသား စုစုပေါင်း ၁၂၀၀၀ ခန့် လွတ်ငြိမ်းချမ်းသာခွင့်ကို ခံစားခဲ့ကြရသည်။ ထိုလွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို ယုံကြည်လက်ခံသော တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းများမှ သောင်းကျန်းသူအများအပြားမှာလည်း ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့သည်။ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရာတွင် အတားအဆီးဖြစ်လျက်ရှိသော ယခင်အစိုးရ အဆက်ဆက်က ထုတ်ပြန်ကြေညာခဲ့သော တောတွင်းလက်နက်ကိုင်အဖွဲ့ ခေါင်းဆောင်များအတွက် ဆုငွေအမိန့်များကို ၁၉၆၃ ခုနှစ် ဇွန် ၁၁ ရက်မှစ၍ ရုပ်သိမ်းပေးခဲ့သည်။ ယင်းနေ့၌ပင် တောတွင်းလက်နက်ကိုင်အဖွဲ့များအား တွေ့ဆုံဆွေးနွေးရေးကို လမ်းဖွင့်ပေးခဲ့သည်။

ထိုအချိန်က နိုင်ငံရေးလောကမှ အနားယူထားသော ကချင်အမျိုးသားခေါင်းဆောင်ကြီး ဆမားဒူဝါ ဆင်းဝါးနောင်ကလည်း တွေ့ဆုံဆွေးနွေးရေး ကမ်းလှမ်းချက်သည် “တောတွင်းအင်အားစုများအတွက်ငှင်း၊ ပြည်သူလူထုနှင့် အစိုးရအတွက်ငှင်း၊ နှစ်ဦး နှစ်ဖက်လုံးအတွက် ကောင်းဘို့ပင်ဖြစ်သည်ဟု ယူဆကြောင်း” မှတ်ချက်ပြုခဲ့သည်။

တော်လှန်ရေးကောင်စီ၏ တွေ့ဆုံဆွေးနွေးရေး ကမ်းလှမ်းချက်အရ တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများက တွေ့ဆုံဆွေးနွေးရန် ဆက်သွယ်လာခဲ့ကြသည်။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲနှင့် ပတ်သက်သော တော်လှန်ရေးကောင်စီ၏ သဘောထားမှာလည်း –

- အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်၊
- ယခင်က ဖြစ်ခဲ့သော အမှားအယွင်းများ၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့ ရှိခဲ့သော အာဃာတများကို ဖယ်ရှား၍ ပြည်ထောင်စုမြန်မာနိုင်ငံ တစ်မျိုးသားလုံး ညီညွတ်မှုအတွက် ကြိုးပမ်းရန်၊

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

- မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အရ နိုင်ငံအား ပြန်လည်တည်ဆောက်ရာတွင် ပါဝင်ဆောင်ရွက်ကြရန်အတွက် အပြန်အလှန်ဆွေးနွေးခြင်း၊ ဖြစ်သင့်ဖြစ်ထိုက်သော သဘောတူညီချက်များ ရရှိစေခြင်းဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ရန်ဖြစ်သည်ဟု ဆွေးနွေးပွဲဆိုင်ရာ သဘောထားများကို ထုတ်ဖော်ကြေညာခဲ့သည်။

ထိုသို့ထုတ်ပြန်ပြီးနောက် အဓိကတောတွင်း လက်နက်ကိုင်အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်အဖွဲ့များဖြစ်သည့် ကွန်မြူနစ်ပါတီ(ဗမာပြည်)၊ ရခိုင်ကွန်မြူနစ်ပါတီ၊ ရှမ်းအမျိုးသားတပ်ပေါင်းစုနှင့် ရှမ်းပြည်လွတ်မြောက်ရေးတပ်၊ ကချင်လွတ်လပ်ရေးကောင်စီ၊ ရဲဘော်ဌေးခေါင်းဆောင်သော ဗမာပြည်ကွန်မြူနစ်ပါတီ၊ မန်းဘဇံခေါင်းဆောင်သော သုံးပါတီ(ကေအင်န်ယူပါတီ၊ မွန်ပြည်သစ်ပါတီ၊ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ)နှင့် အမျိုးသားဒီမိုကရေစီညီညွတ်ရေး တပ်ပေါင်းစု(မဒညတ)၊ စောဟန်တာသာမွေး ခေါင်းဆောင်သော ကရင်တော်လှန်ရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့များ ငြိမ်းချမ်းရေးအတွက် လာရောက်ဆွေးနွေးခဲ့ကြသည်။

ဤသို့ ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီအစိုးရလက်ထက် ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားညီညွတ်ရေး ဆောင်ရွက်မှုများသည် ၁၉၆၃ ခုနှစ်တွင် ပျက်ပြယ်ခဲ့ရသည်။ ထို့နောက် ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ပြည်တွင်းငြိမ်းချမ်းရေးကိစ္စများကို ဆက်လက်ဖော်ဆောင်ခဲ့ရာတွင် ၃၁-၃-၁၉၈၉ မှ ၆-၄-၁၉၉၇ ခုနှစ်အတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၁၇) ဖွဲ့ နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးရယူခဲ့ပြီး တရားဥပဒေဘောင်၊ ငြိမ်းချမ်းရေးရင်ခွင် ပြည်သူ့ဘက်သို့ ကူးဝင်လာသော လူအင်အား စုစုပေါင်းမှာ ၆၆၅၁၆ ဦး၊ လက်နက်အရေအတွက် ၅၃၄၄၇ ဖြစ်သည်။ ထိုအဖွဲ့ (၁၇) ဖွဲ့အနက် (၁၆) ဖွဲ့မှာ တိုင်းရင်းသားအဖွဲ့အစည်းများဖြစ်ပြီး တစ်ဖွဲ့မှ ဗကပ( ဗမာပြည် ကွန်မြူနစ်ပါတီ) ရခိုင်ပြည်နယ်မှ ဦးစောထွန်းဦးခေါင်းဆောင်သော အဖွဲ့ဖြစ်သည်။

၂၄-၂-၁၉၉၇ မှ ၁၀-၁၁-၁၉၉၉ ခုနှစ်အတွင်း ကေအင်(န်)ယူအဖွဲ့မှ ဦးစောသမူဟဲ၊ ဦးစောဖယ်ရီမိုး၊ ဖဒိုအောင်ဆန်း၊ ဦးကိုကြီးတို့ ခေါင်းဆောင်သော ခွဲထွက် ကေအင်(န်)ယူအဖွဲ့များ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ခဲ့ကြပြီး လူအင်အား ၈၆၆ ဦးနှင့် လက်နက် ၃၉၁ လက်တို့ဖြစ်ကြောင်း အမျိုးသားစာပေတစ်သက်တာဆုရှင် စာရေးဆရာကြီး တက္ကသိုလ်မြတ်သူ၏ **“သွေးခွဲမှုမှသမ္မုအပေါ် ထာဝရအောင်နိုင်သည့် စည်းလုံးညီညွတ်မှု ဆောင်းပါး”** တွင် ဖော်ပြထားသည်။

၁၉၈၈ ခုနှစ်မှ ၁၉၉၁ ခုနှစ်အတွင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အစိုးရလက်ထက်တွင် နိုင်ငံ၏စီးပွားရေးစနစ်ကို ပြောင်းလဲပေးခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးရယူကာ နယ်စပ်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပေးခြင်း၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို အလေးထား အားထုတ်ဆောင်ရွက်ခဲ့သည်။

## ငြိမ်းချမ်းရေးတည်ဆောက်မှု သမိုင်းမှတ်တိုင်များ

ထို့အတူ ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှတစ်ဆင့် ပေါ်ပေါက်လာသည့် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်လက်ထက် ၂၀၁၁ ခုနှစ်က စတင်၍ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားစည်းလုံးညီညွတ်မှု ဖော်ဆောင်ရေးကို ဆက်လက်ကြိုးပမ်း ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA) ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၈) ဖွဲ့ လက်မှတ်ရေးထိုးခဲ့ပြီး အပစ်အခတ်ရပ်စဲခဲ့သည်။ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲမှတစ်ဆင့် ပေါ်ပေါက်လာခဲ့သည့် လွှတ်တော်များမှတစ်ဆင့် တိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်သည့် ဒီမိုကရေစီသမိုင်းမှတ်တိုင်သစ်ကို စိုက်ထူနိုင်ခဲ့ပြီး တိုင်းရင်းသားဒေသများ၌ ငြိမ်းချမ်းမှု၏ အနှစ်သာရကို ခံစားခဲ့ကြရသည်။

**❝တောင်အာဖရိကနိုင်ငံ၏ ဒီမိုကရေစီစနစ်ဖြင့် အပြည့်အဝ ရွေးချယ်ခြင်းခံရသည့် ပထမဆုံးသော သမ္မတကြီး နယ်လ်ဆင်မင်ဒဲလားကလည်း “ငြိမ်းချမ်းရေးအတွက် ခွင့်လွှတ်နိုင်သူကမှ သတ္တိရှိသူပါ” ဟု မိန့်ဆိုခဲ့ဖူးသည်။ လက်ရှိကာလ မိမိတို့နိုင်ငံ၏ ပထဝီနိုင်ငံရေးအနေအထားအရ ငြိမ်းချမ်းရေးသည် ပထမ၊ ငြိမ်းချမ်းရေးသည် ဒုတိယ၊ ငြိမ်းချမ်းရေးသည် တတိယဖြစ်ပြီး ငြိမ်းချမ်းရေးရရှိပြီးမှသာ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရေးတို့ကို ဆက်လက်အကောင်အထည်ဖော်ဆောင်နိုင်မည်❞**

ဆက်လက်၍လည်း ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှတစ်ဆင့် ထွက်ပေါ်လာခဲ့သည့် အစိုးရသစ်လက်ထက် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှစ်ဖွဲ့ဖြစ်သည့် လားဟူဒီမိုကရက်တစ်အစည်းအရုံးနှင့် မွန်ပြည်သစ်ပါတီတို့ ပါဝင်လက်မှတ်ရေးထိုးခဲ့သဖြင့် ငြိမ်းချမ်းရေးခရီးကို စတင်လှမ်းလိုက်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၀) ဖွဲ့အထိရှိလာခဲ့ပြီ ဖြစ်သည်။ ၂၀၁၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးတိုင်အောင် ကျင်းပနိုင်ခဲ့ကာ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း ၃ အထိ NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့များအကြား သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့သည်။

သမိုင်းတစ်လျှောက် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များကို သုံးသပ်ကြည့်မည်ဆိုပါက တိုင်းရင်းသားများအနေဖြင့် မိမိတို့၏ဆန္ဒနှင့် လိုလားချက်များကို လက်နက်ကိုင် တောင်းဆိုနေ၍ မရဘဲ ဒီမိုကရေစီစံနှုန်းနှင့်အညီ ပေါင်းစပ်ညှိနှိုင်းပြီး ဆွေးနွေးဆုံးဖြတ် ဆောင်ရွက်သွားကြရမည် ဆိုသည့်အချက်မှာ ငြင်းဆို၍မရနိုင်ပေ။ ထို့ကြောင့် နိုင်ငံရေးစင်မြင့်ဖြစ်သည့် လွှတ်တော်ထဲသို့ တိုင်းရင်းသား ကိုယ်စားလှယ်များ စုံစုံညီညီရောက်ရှိပြီး လိုလားချက်များ၊ ရည်မှန်းချက်များကို လွှတ်တော်အသီးသီးတွင် ပွင့်လင်းမြင်သာစွာ ဆွေးနွေး၊ ဆုံးဖြတ်၊ အကောင်အထည်ဖော်နိုင်ရန် အရေးကြီးသည်။ ထို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်များကို လက်နက်ကိုင်လမ်းကြောင်းမှ နိုင်ငံရေးစင်မြင့်ပေါ် တက်ရောက်လာနိုင်ရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ကို အလေးထားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် မြန်မာ့ဒီမိုကရေစီ ခရီးစဉ်နှင့်အတူ အစိုးရနှင့် တပ်မတော်၏ ကြိုးပမ်းချက်အရ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၈) ဖွဲ့တို့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ကြပြီး ငြိမ်းချမ်းရေး ခရီးစဉ်၏ မှတ်တိုင်တစ်ရပ်ကို စိုက်ထူနိုင်ခဲ့သည်။ ထို့နောက် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၂) ဖွဲ့တို့ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသဖြင့် ငြိမ်းချမ်းရေး ခရီးစဉ်တွင် ပါဝင်လာသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၀) ဖွဲ့အထိ ရှိလာပြီဟုပင် ဆိုနိုင်သည်။ ထိုသို့ ငြိမ်းချမ်းရေးတည်ဆောက်မှုခရီး၏ သမိုင်းမှတ်တိုင်တစ်ရပ် စိုက်ထူနိုင်ခဲ့ခြင်းသည် အောက်တိုဘာ ၁၅ ရက်တွင် (၈) နှစ်မြောက်နှစ်ပတ်လည်နေ့သို့ပင် ရောက်ရှိပြီဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးဆွေးနွေးရန် အစဉ်အမြဲတံခါးဖွင့်ထားပြီး အောက်တိုဘာ ၁၅ ရက်တွင် ကျရောက်သည့် **တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးခြင်း (၈) နှစ်မြောက် နှစ်ပတ်လည်နေ့ကို အနှစ်သာရရှိစွာဖြင့် ကျင်းပပြုလုပ်ရန် ဆောင်ရွက်နေမှုနှင့် ပတ်သက်၍** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က “လာမယ့် အောက်တိုဘာလ ၁၅ ရက်နေ့ဟာ ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုခြင်း၊ NCA လက်မှတ်ရေးထိုးသည့် (၈) နှစ်မြောက်နေ့ ဖြစ်ပါတယ်။ ဒါကို နိုင်ငံရေးအနှစ်သာရရှိရှိ လုပ်ဖို့ရှိပါတယ်။ တိုင်းရင်းသားခေါင်းဆောင်တွေလည်း လက်လှမ်းမီသလောက် အကုန်ဖိတ်ပါတယ်။ ပြည်ပနိုင်ငံတွေလည်း အခုဖိတ်နေပါပြီ။ ကျွန်တော် Personal အကုန်စာတွေရေးပြီး ဖိတ်ပါတယ်။ တချို့ကလည်း တယ်လီဖုန်းနဲ့၊ တချို့ကလည်း စာနဲ့ရေးပြီး ဖိတ်တာတွေရှိတယ်။ တချို့လာနိုင်တယ်လို့လည်း ပြောတာရှိတယ်။ တချို့ကတော့ သူတော့မလာနိုင်ဘူး၊ သို့သော်လည်း အဓိကကျတဲ့သူတို့ ကိုယ်စားလှယ်တွေ လွှတ်ပေးမယ်လို့ ပြောတာတွေ ရှိပါတယ်။ ပြည်ပနိုင်ငံတွေက ဒီလို သဘောထားရှိလို့ရှိရင် ကျွန်တော်တို့ တိုင်းရင်းသားခေါင်းဆောင်တွေ ပိုပြီးလိုလားတဲ့စိတ်ရှိဖို့လိုတာပေါ့။ အထူးသဖြင့် လက်မှတ်ရေးထိုးထားတဲ့အဖွဲ့တွေ အကုန်တက်နိုင်ဖို့လိုပါတယ်။ လက်မှတ်မထိုးထားတဲ့အဖွဲ့တွေကလည်း ငြိမ်းချမ်းရေးကို လိုချင်တယ်ဆိုလို့ရှိရင် ဒီအခမ်းအနားကို လာတက်ခြင်းအားဖြင့် ငြိမ်းချမ်းရေး လမ်းကြောင်းပေါ်မှာ လျှောက်လှမ်းလို့ရအောင် လမ်းခင်းဖို့လိုပါတယ်။ အမုန်းတရားတွေဖြစ်နေပြီးတော့ လုပ်နေမယ်ဆိုရင်တော့ တိုင်းပြည်နစ်နာဖို့ပဲ ရှိတယ်။ ကျွန်တော်တို့ကတော့ Moving Forward ပဲ၊ ရှေ့ကိုသွားမှာပဲ။ ရသလောက် ကျွန်တော်လုပ်သွားမှာပဲ။ ရအောင်လုပ်သွားမယ်။ အဲဒီတော့ ဒီအပေါ်မှာ ကျွန်တော်တို့အားလုံး သံသယရှင်းရှင်း၊ အာဃာတကင်းကင်းနဲ့ လုပ်ကြမယ်ဆိုရင်တော့ ကျွန်တော်တို့ မျှော်မှန်းချက်လမ်းကြောင်းကတော့ ရှောရှောရှူရှူ ရောက်မယ်ဆိုတာကို တွေ့ပါတယ်။ ဒါလေးတွေ ဝိုင်းဝန်းဆောင်ရွက်ပေးနိုင်ဖို့အတွက် တိုက်တွန်းလိုပါတယ်” ဟု စက်တင်ဘာ ၂၈ ရက်က ကျင်းပသည့် **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၄/၂၀၂၃)** တွင် ပြောကြားခဲ့သည်။

ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွဲ့စည်းပုံခိုင်မာအားကောင်းလာရေးတို့သည် ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်များ အနက် (၁၆) ခုတွင် ပါဝင်သည့် ပန်းတိုင်တစ်ရပ်လည်းဖြစ်သည်။ တရားဥပဒေစိုးမိုးမှုအပေါ် အခြေခံသည့် ငြိမ်းချမ်းရေး၊ တည်ငြိမ်မှုရှိရေး၊ လူ့အခွင့်အရေးနှင့် ထိရောက်သော အုပ်ချုပ်ရေး ပေါ်ပေါက်လာရေးတို့မပါရှိဘဲ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာရေးကို မျှော်လင့်၍ မရနိုင်ပေ။ သို့သော်လည်း ကျွန်ုပ်တို့ကမ္ဘာကြီးတွင် သဘောထားကွဲလွဲမှုများစွာရှိနေဆဲပင် ဖြစ်သည်။ ထိုအရာများသည် ရှောင်လွှဲ၍ မရသည့်အရာမျိုးမဟုတ်ဘဲ ညှိနှိုင်းအဖြေရှာ၍ ဖြေရှင်းဆောင်ရွက်ရမည့်အရာများပင် ဖြစ်သည်။

လက်နက်ကိုင် အကြမ်းဖက်မှုနှင့် လုံခြုံမှုမရှိခြင်းများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်ပြီး မျိုးဆက်များစွာကြာရှည်သည့် နစ်နာမှုအကျိုးဆက်များကို ခံစားကြရလေ့ရှိသကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများအတွက်လည်း ဆိုးကျိုးသက်ရောက်မှုများ များစွာရှိသည်။ ပဋိပက္ခဖြစ်ပွားရာ (သို့) တရားဥပဒေစိုးမိုးခြင်းမရှိသည့် နေရာများတွင် အကြမ်းဖက်မှု၊ မှုခင်း၊ ကိုယ်ကျိုးရှာခြင်းနှင့် ညှဉ်းပန်းမှုပြုခြင်းများ ဖြစ်ပွားလေ့ရှိပြီး နိုင်ငံများအနေဖြင့် ထိုဒဏ်ကို အများဆုံးခံရသည့် ပြည်သူများကို အကာအကွယ်ပေးရန် နည်းလမ်းများဖြင့် လုပ်ဆောင်သွားရန် လိုအပ်လျက်ရှိကြောင်း ကုလသမဂ္ဂကလည်း တိုက်တွန်းထားသည်။

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် (၁၆)သည် နေရာတိုင်းရှိ လူများငြိမ်းချမ်းမှုနှင့် သာယာဝပြောမှုကို ရရှိခံစားနိုင်ရေးသေချာမှုရှိစေရန်အတွက် ကမ္ဘာလုံးဆိုင်ရာ တောင်းဆိုမှုတစ်ရပ်လည်းဖြစ်သည်။

## ခွင့်လွှတ်နိုင်သူကမှ သတ္တိရှိသူပါ

**“ခန္တီစ - အရာရာသည်းခံခြင်းသည် မင်္ဂလာမည်၏”** ဟု မြတ်စွာဘုရားရှင်က ဟောကြားတော်မူခဲ့သည်။ သည်းခံခြင်းသည် ကြောက်ရွံ့ခြင်း၊ အရှုံးပေးခြင်းမဟုတ်ပါ၊ အလွန်သတ္တိရှိသူများသာ သည်းခံခွင့်လွှတ်နိုင်ပါသည်။ ထိုကဲ့သို့ပင် တောင်အာဖရိကနိုင်ငံ၏ ဒီမိုကရေစီစနစ်ဖြင့် အပြည့်အဝ ရွေးချယ်ခြင်းခံရသည့် ပထမဆုံးသော သမ္မတကြီး နယ်လ်ဆင်မင်ဒဲလားကလည်း **“ငြိမ်းချမ်းရေးအတွက် ခွင့်လွှတ်နိုင်သူကမှ သတ္တိရှိသူပါ”** ဟု မိန့်ဆိုခဲ့ဖူးသည်။ လက်ရှိကာလ မိမိတို့နိုင်ငံ၏ ပထဝီနိုင်ငံရေးအနေအထားအရ ငြိမ်းချမ်းရေးသည် ပထမ၊ ငြိမ်းချမ်းရေးသည် ဒုတိယ၊ ငြိမ်းချမ်းရေးသည် တတိယဖြစ်ပြီး ငြိမ်းချမ်းရေးရရှိပြီးမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရေးတို့ကို ဆက်လက်အကောင်အထည်ဖော်ဆောင်နိုင်မည်ဖြစ်သည်။ မိမိတို့နိုင်ငံအနေဖြင့် အသက်ပေါင်းများစွာ ပေးဆပ်ပြီးမှသာ လွတ်လပ်ရေးရရှိခဲ့ခြင်းဖြစ်သည်။

တိုင်းရင်းသားအချင်းချင်း သဘောထားကွဲလွဲမှုများအပေါ်တွင် အခြေတည်ဖြစ်ပေါ်လာခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများကို **“သဘောထားကြီးကြီးဖြင့် သည်းခံဖြေရှင်းနိုင်မှ”**သာ ဒီမိုကရေစီ၏ အနှစ်သာရ၊ လွတ်လပ်ရေး၏ အနှစ်သာရကို အပြည့်အဝ ခံစားနိုင်ကြမည်ဖြစ်သည်။

ထို့ကြောင့် တိုင်းပြည်၏ ပကတိအခြေအနေကို တိုင်းရင်းသားပြည်သူများအားလုံး မှန်မှန်ကန်ကန်သိရှိပြီး စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို ဦးတည်ရည်မှန်းကာ ၅၅ သန်းသော တိုင်းရင်းသားပြည်သူများ၏ အန္တိမရည်မှန်းချက်ဖြစ်သည့် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် အားလုံးပါဝင်မှုဖြင့် အဖြေရှာနိုင်မည်ဆိုပါက “ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်” ဟူ၍သာ။ ။

**ကိုးကား -**


(၁) ၁၉၅၈-၁၉၆၂ မြန်မာ့နိုင်ငံရေး(ဒုတိယတွဲ)

(၂) မြန်မာ့နိုင်ငံရေးစနစ်ပြောင်းကာလ ၁၉၆၂-၁၉၇၄ (ဒုတိယတွဲ)

(၃) ဂုဏ်ပြုခံပင်လုံ သို့မဟုတ် ပြည်ထောင်စု၏ နှလုံးသားနှင့် လက်ရွေးစင် ဆောင်းပါးများ။

(၄) ၁၉၆၃ ခုနှစ်ထုတ် သတင်းစာများ။

(၅) ၂၉-၉-၂၀၂၃ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာ။

# အလယ်အလတ်အဆင့် ဥပဒေအရာရှိများ မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၃) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၃**

အလယ်အလတ်အဆင့် ဥပဒေအရာရှိများ မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၃) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက ဥပဒေရေးရာဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီးနှင့်ဒုတိယရှေ့နေချုပ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ သင်တန်းဆရာဆရာမများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က သင်တန်းတွင် Legal English ဘာသာရပ်၊ ဥပဒေမူကြမ်းစိစစ်ရေး ဘာသာရပ်အဖြစ် ဥပဒေမူကြမ်းရေးဆွဲခြင်း၊ ပြင်ဆင်သည့်ဥပဒေမူကြမ်းရေးဆွဲခြင်း၊ တစ်ဆင့်ခံဥပဒေ မူကြမ်းရေးဆွဲခြင်းဆိုင်ရာ ကိစ္စများကိုလည်းကောင်း၊ ဥပဒေအကြံဉာဏ်ပေးရေး ဘာသာရပ်အဖြစ် စီပွားရေးစာချုပ်စာတမ်းများ စိစစ်အကြံပြုခြင်းနှင့် နိုင်ငံပိုင်မြေများစီမံခန့်ခွဲခြင်းနှင့် တရားမဝင်ကျူးကျော်နေထိုင်မှုများဆိုင်ရာ မြေယာပြဿနာများ၊ ၁၉၅၅ ခုနှစ် အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေနှင့် စပ်လျဉ်းသည့် သိကောင်းစရာကိစ္စများကိုလည်းကောင်း၊ တရားစွဲနှင့် အမှုလိုက်ဘာသာရပ်အဖြစ် ပြစ်မှုဆိုင်ရာအမှုများကို တရားစွဲဆိုခြင်းမပြုမီ ဥပဒေအကြံဉာဏ်ပေးခြင်း၊ အမှုလိုက်ပါဆောင်ရွက်ခြင်း၊ လျှောက်လဲချက်ပေးခြင်း၊ အယူခံမှု၊ ပြင်ဆင်မှု၊ တရားမမှုဆိုင်ရာကိစ္စများကိုလည်းကောင်း၊ စီမံရေးရာဘာသာရပ်အဖြစ် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ရုံးစစ်ဆေးခြင်း၊ စီမံရေးရာညွှန်ကြားချက်များ၊ ရသုံးမှန်းခြေငွေစာရင်းဆောင်ရွက်ရန် လုပ်ငန်းစဉ်များကိုလည်းကောင်း သင်ကြားပို့ချခဲ့ပါကြောင်း၊



သင်တန်းမှရရှိသည့် အမှုလိုက် ပညာရပ်များနှင့် အသိပညာဗဟုသုတများကို မိမိတို့ လုပ်ငန်းခွင်တွင် လက်တွေ့ ကျင့်သုံးလိုက်နာ ဆောင်ရွက်ခြင်းဖြင့် မိမိတို့ဌာန၊ မိမိတို့နိုင်ငံ အကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ကြစေကြောင်း ပြောကြားသည်။

သတင်းစဉ်

# ပုဂ္ဂလိကဆေးရုံလုပ်ငန်းရှင်များအနေဖြင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၃**

ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့ အစည်းအဝေး (၃/၂၀၂၃) ကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်သည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ပုဂ္ဂလိကကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို ဥပဒေနှင့်အညီ အားပေးနေသကဲ့သို့ လိုင်စင်ခွင့်ပြုပြီးလုပ်ငန်းများအနေဖြင့်လည်း တည်ဆဲဥပဒေ၊ နည်းဥပဒေများကို တိတိကျကျ လိုက်နာဆောင်ရွက်ရန် အထူးကြပ်မတ် ဆောင်ရွက်လျက်ရှိကြောင်း၊ လိုင်စင်စည်းကမ်းလိုက်နာမှု ပျက်ကွက်ခြင်းရှိပါက စီမံခန့်ခွဲရေး နည်းလမ်းများဖြင့် ထိရောက်စွာ အရေးယူလျက်ရှိကြောင်း၊ ပုဂ္ဂလိကဆေးရုံလုပ်ငန်းရှင်များအနေဖြင့် သဘာဝဘေးအန္တရာယ်များဖြစ်သည့် မီးဘေးအန္တရာယ်၊ ရေဘေး၊ ငလျင်ဘေးအန္တရာယ်များ ကြုံတွေ့လာပါက လူနာများနှင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးသူများ ဘေးကင်းလုံခြုံရန်နှင့် အဆောက်အဦပိုင်းဆိုင်ရာ သတ်မှတ်အရည်အသွေးများ ပြည့်ဝရန်နှီးနွှယ်ဌာနများ၏ လမ်းညွှန်ချက်များနှင့်အညီဆောင်ရွက်ရန်၊ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်များ ခန့်အပ်သည့်အခါ တည်ဆဲဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် အညီခန့်အပ်သွားရန်၊ လိုင်စင်အသစ် လျှောက်ထားခြင်းနှင့် သက်တမ်း တိုးခြင်းများတွင် လိုအပ်သည့် အထောက်အထားများကို ပြည့်စုံစွာတင်ပြရန်၊ အလေးထားလိုက်နာရန် လိုအပ်ကြောင်း၊ နိုင်ငံတော်၏ ကျန်းမာရေးမူဝါဒနှင့်အညီ ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းစေရေးအတွက် ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ဝင်များအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပြီး ကောင်းမွန်သော အကြံပြုချက်များပေးရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဗဟိုအဖွဲ့အတွင်းရေးမှူး ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းမှုအခြေအနေနှင့် အထူးကိစ္စရပ်များကိုလည်းကောင်း၊ ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးခိုင်က ဗဟိုအဖွဲ့အစည်းအဝေး ၂/၂၀၂၃ ဆွေးနွေးချက်များအပေါ် ဆောင်ရွက်ထားရှိမှု၊ အတည်ပြုမှတ်တမ်းတင် ကိစ္စရပ်များနှင့် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းလိုင်စင်(အသစ်) လျှောက်ထားလာသည့်ကိစ္စရပ်များကို လည်းကောင်း တင်ပြကြရာ ဗဟိုအဖွဲ့ အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြိတ်မြို့၊ တိုက်ကြီးမြို့နယ်၊ ကျောက်တန်းမြို့နယ်နှင့် ကျောက်ဖြူမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိမြို့နယ်များမှသံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဒေသခံပြည်သူများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကော့လိပ်ကုက္ကိုပရိယတ္တိ စာသင်တိုက်မှ သံဃာတော်အပါး ၈၀တို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဖက်ဝန်းကုန်းကျေးရွာ၊ ကျောက်တန်းမြို့နယ် အလယ်ပိုင်းရပ်ကွက်နှင့် ပတ်ဝန်းကျင်ရပ်ကွက်၊ ကျေးရွာများမှ သံဃာတော်များ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူ စုစုပေါင်း ၄၀၆ ဦးတို့ကို လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် စနဲမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၂၈၈ ဦးတို့ကို လည်းကောင်း သတ်မှတ်နေရာအသီးသီး၌ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ဆောင်ရွက်ပေးရာတွင် အရိုးအကြောရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရေပြားရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ ဆီးချိုရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော် ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာ

**နေပြည်တော် အောက်တိုဘာ ၁၃**

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မိုး/၉လ

# (၁၀၃) နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် (၄၆)ကြိမ်မြောက် မြန်မာ့ရုပ်ရှင်သက်ကြီးပူဇော်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၃

**(၁၀၃) နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် (၄၆) ကြိမ်မြောက် မြန်မာ့ရုပ်ရှင် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ ကျင်းပသည်။**



အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နာယကကြီးများနှင့် အစည်းအရုံးဝင်များ၊ မြန်မာ့ရုပ်ရှင်သက်ကြီး အနုပညာရှင်များနှင့် ရုပ်ရှင်အနုပညာရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းတို့က (၁၀၃)နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်းအတွင်း နိဗ္ဗာန်ကုသိုလ်အဖြစ် ဖွင့်လှစ်သည့် ဈေးဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် (၄၆)ကြိမ်မြောက် ရုပ်ရှင်အနုပညာရှင် သက်ကြီးပူဇော်ပွဲကို ကျင်းပရာ ရုပ်ရှင်သက်ကြီး အနုပညာရှင်များအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အလှူငွေကျပ်သိန်း ၁၀၀၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်း မိသားစုများက ငွေကျပ်သိန်း ၂၀၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် အလှူရှင်များက ငွေကျပ်သိန်း ၁၅၀၊ Forever Group Co.,Ltd က ငွေကျပ်သိန်း ၇၀၊ ရွှေသံလွင်မီဒီယာ(Sky Net) မိသားစုက စုစုပေါင်းတန်ဖိုးငွေကျပ် ၁၆၃ သိန်းရှိ Sky Net DTH ကြည့်ရှုခွင့် ၆ လစာနှင့် DTH စက်တစ်စုံ၊ ရုပ်ရှင်ရုံလုပ်ငန်းမိသားစုများက ငွေကျပ် ၁၇ သိန်းတို့ကို ပေးအပ်လှူဒါန်းပြီး နာယကများနှင့် အမှုဆောင်များက လက်ခံရယူကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မှာကြားစကားပြောကြားရာတွင် **(အပေါ်ပုံ)** အခမ်းအနားသို့ အနုပညာရှင်များအားလုံး နီးပါး စုံညီစွာ တက်ရောက်ကြသည့်အတွက် ဝမ်းသာပီတိဖြစ်ရပါကြောင်း၊ ယနေ့တွင် ပူဇော်ကန်တော့ခံ အနုပညာရှင်များသည် နိုင်ငံ့အကျိုး၊ ဒေသအကျိုးနှင့် ပြည်သူ့အကျိုးကို အနုပညာစွမ်းအားဖြင့် စွမ်းဆောင်ခဲ့သူများဖြစ်၍ ရိုသေလေးစားစွာ ဂါရဝပြုအပ်ပါကြောင်း၊ မြန်မာ့ရုပ်ရှင် အနုပညာနယ်ပယ်သည် ကိုဗစ်-၁၉ ရောဂါကြောင့် တုံ့ဆိုင်းရပ်တန့်လုနီးပါး ဖြစ်ခဲ့ရပြီး ယနေ့တွင် ပုံမှန်နီးပါးပြန်လည်ရောက်ရှိလာပြီဟု ပြောရမည်ဖြစ်ပါကြောင်း၊ ၂၀၂၃ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်အကယ်ဒမီပေးပွဲကို ဆောင်ရွက်ရန်ရှိပြီး ယမန်နှစ်ကကဲ့သို့ နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားနိုင်ရန် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

အနုပညာကို နိုင်ငံတော်နှင့် ပြည်သူက ချစ်မြတ်နိုးလျက်ရှိပြီး ပြီးခဲ့သည့် ဖြစ်ရပ်များကို သင်ခန်းစာယူ၍ လာမည့်အနာဂတ်တွင် သစ်လွင်သောအနုပညာရပ်များ ပေါ်ထွန်းလာရေးအတွက် အနုပညာစွမ်းအားဖြင့် ပူးပေါင်းဆောင်ရွက်ပေးနိုင်ပါရန် တိုက်တွန်းလိုပါကြောင်း၊ ရုပ်ရှင်သက်ကြီး အနုပညာရှင်များအနေဖြင့် ယခုမှသည့် နှစ်ရာကျော်တိုင် သက်ရှည်ကျန်းမာလျက် နိုင်ငံ့အကျိုးနှင့် ပြည်သူအကျိုးကို အနုပညာစွမ်းအားဖြင့် ဆက်လက်ထမ်းဆောင်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက မှာကြားစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ရုပ်ရှင်သက်ကြီးပညာရှင်များအား နွေးထွေးလှိုက်လှဲစွာ မိတ်ဆက်ဂါရဝပြုပြီး လှူဒါန်းပစ္စည်းများ ပေးအပ်ကာ စုပေါင်းဂါရဝပြု ကန်တော့ကြသည်။

ယင်းနောက် ရုပ်ရှင်သက်ကြီးပညာရှင် ဦးအောင်လွင်က ကျေးဇူးတင် ဝမ်းမြောက်ပီတိစကား ပြန်လည်ပြောကြားသည်။

မြန်မာနိုင်ငံ၌ ပထမဆုံး မြန်မာဇာတ်ကားကို ၁၉၂၀ ပြည့်နှစ် အောက်တိုဘာ ၁၃ ရက်တွင်"မေတ္တာနှင့် သူရာ" ဇာတ်ကားကို ပြသခဲ့ပြီး ထိုနေ့ကို မြန်မာ့ရုပ်ရှင်နေ့အဖြစ်သတ်မှတ်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ရုပ်ရှင်သက်ကြီးပူဇော်ပွဲအခမ်းအနားကို ကျင်းပခဲ့ရာယခုအကြိမ်သည် (၄၆) ကြိမ်မြောက် အဖြစ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျောင်းပြင်ပ ပညာရေးကဏ္ဍ၏ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းနှင့် စဉ်ဆက်ပညာရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၁၃**



ကျေးလက်နေ ပြည်သူများနှင့် တိုင်းရင်းသား ပြည်သူများ စာတတ်မြောက်ရေးလုပ်ငန်းကို လာမည့်နှစ် နွေရာသီကာလတွင် အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် ပညာရေးဝန်ကြီးဌာန၊ ဆက်စပ် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များပူးပေါင်း၍ နိုင်ငံတစ်ဝန်း စာတတ်မြောက်ရေး လုပ်ငန်း သင်ကြားရေး အစီအစဉ်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပညာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း(ထောက်ကြန့်)၌ ပညာရေးစီမံခန့်ခွဲမှုသင်တန်း တက်ရောက်လျက်ရှိသော နိုင်ငံအဝန်းရှိ မြို့နယ် ပညာရေးမှူးများနှင့် တွေ့ဆုံရာတွင် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက ရှင်းလင်းပြောကြားသည်။

ထို့ပြင် ဒုတိယညွှန်ကြားရေးမှူးချုပ်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်ရှိ သတ်မှတ်မြို့နယ်များနှင့် အခြားတိုင်းဒေသကြီး ပြည်နယ်အချို့၏ သတ်မှတ်မြို့နယ်များတွင် ရက်ပေါင်း ၄၀ ကြာ သင်ကြားပေးသွားမည့် စာတတ်မြောက်ရေးလုပ်ငန်းအစီအစဉ်များနှင့် ရက်ပေါင်း ၉၀ ကြာ သင်ကြားပေးသွားမည့် စဉ်ဆက်ပညာရေးလုပ်ငန်းများ ဆောင်ရွက်သွားရန် ပညာရေး ဝန်ကြီးဌာနက စီစဉ် လုပ်ဆောင်လျက် ရှိနေပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယ ညွှန်ကြားရေးမှူးချုပ် (ပညာ) ဒေါက်တာဝင်းဖေက ကျောင်းပြင်ပ ပညာရေးဆိုင်ရာ စာတတ်မြောက်ရေး၊ စဉ်ဆက်ပညာရေးနှင့် တန်းညှိပညာရေးအစီအစဉ်များဖြစ်သည့် ကျောင်းပြင်ပ မူလတန်းပညာရေးနှင့် ကျောင်းပြင်ပ အလယ်တန်းပညာရေး အစီအစဉ်များကို ယခုနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များနှင့် လာမည့်ပညာသင်နှစ်တွင် ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူး (စာတတ်မြောက်ရေး) ဦးအောင်နိုင်က ကျောင်းပြင်ပ ပညာရေးကဏ္ဍ၏ အခြေခံ စာတတ်မြောက်ရေးလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ သတ်မှတ်ဦးတည်အုပ်စုများနှင့် စာတတ်မြောက်ရေး လုပ်ငန်းစီမံချက်ပါ အစီအစဉ်လိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ အကြောင်းကို ရှင်းလင်းတင်ပြသည်။

ယင်းနောက်တက်ရောက်လာကြသည့် မြို့နယ်ပညာရေးမှူးများက စာတတ်မြောက်ရေးလုပ်ငန်း၊ စဉ်ဆက်ပညာရေး လုပ်ငန်းနှင့် တန်းညှိပညာရေး အစီအစဉ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ပညာ)နှင့် ဒုတိယ ညွှန်ကြားရေးမှူး (စာတတ်မြောက်ရေး)တို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျောက်ဆည်ခရိုင်၌ မိုးနေကြာများ အောင်မြင်စွာ စိုက်ပျိုးပြီးစီး

**နေပြည်တော် အောက်တိုဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ ဆီထွက်သီးနှံများဖြစ်သော မြေပဲနှင့် နှမ်းသီးနှံများကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိပြီး နေကြာသီးနှံကို တစ်နှစ်ပတ်လုံး စိုက်ပျိုးလျက်ရှိသည်။

ခရိုင်အတွင်း မြို့နယ်အလိုက် ယခုနှစ် မိုးနေကြာ စိုက်ဧကများ အနေဖြင့် ကျောက်ဆည်မြို့နယ်၌ ၂၈၉၂ ဧက၊ စဉ့်ကိုင်မြို့နယ်၌ ၁၅၂၅ ဧကနှင့် မြစ်သားမြို့နယ်၌ ဧက ၃၆၀ စုစုပေါင်း စိုက်ဧက ၄၇၇၇ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

မိုးနေကြာစိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၂၃၀၀၀၀ ခန့် ကုန်ကျကြောင်း၊ နေကြာသီးနှံမှာ သက်တမ်းတိုမျိုးဖြစ်သည့်အတွက် ကုန်ကျစရိတ်သက်သာပြီး မိသားစုဝင်ငွေတိုးသည့်အပြင် စားသုံးဆီ ဖူလုံမှုရရှိသဖြင့် အများဆုံး စိုက်ပျိုးလာကြကြောင်း သိရသည်။ **DOCA(မန္တလေး)**



# နိုင်ငံရေးအမြတ်ထုတ် စားပေါက်ထွင် လုပ်စားနေသူတွေကို ရှုတ်ချကြပါစို့

မကြာသေးမီက မြန်မာနိုင်ငံနဲ့ပတ်သက်လို့ ထူးတဲ့သတင်းတစ်ပုဒ်ကို ကြားသိခဲ့ရပါတယ်။ သတင်းကောင်းတစ်ပုဒ်တော့ မဟုတ်ပါဘူး။ ပြည်ပနိုင်ငံမှ အတိုက်အခံပါတီတစ်ခုက အနောက်နိုင်ငံတွေနဲ့ OIC နိုင်ငံတွေအလိုကျ မျက်နှာလိုမျက်နှာရ လှုံ့ဆော်လိုက်တဲ့ အကွက်ဆန်းဖြစ်ပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ အတိုက်အခံပါတီ BNP ဟာ ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့က “Rohingya Crisis and Repatriation Strategy” ဆွေးနွေးပွဲတစ်ရပ် ကျင်းပခဲ့ပြီး ဆွေးနွေးပွဲမှာ BNP အနေနဲ့ ဘင်္ဂါလီတွေရဲ့ အကျပ်အတည်းအတွက် ထိရောက်စွာဖြေရှင်းနိုင်ဖို့ အချက် ၁၆ ချက်ကို အဆိုပြုခဲ့ကြောင်း သတင်းဆောင်းပါးတစ်ပုဒ်မှာ တွေ့လိုက်ရပါတယ်။

ကိုရင်မောင်

မြန်မာနိုင်ငံအနေနဲ့ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာခဲ့ကြတဲ့ ဘင်္ဂါလီအရေးနဲ့ ပတ်သက်လို့ ပြည်ပနိုင်ငံတွေက ပြောနေကြတာတွေဟာ အထူးအဆန်းမဟုတ်ပေမယ့်လည်း လုပ်နေကျမဟုတ်တဲ့ နိုင်ငံရေးပါတီတစ်ခုက ပြုလုပ်လာလို့ ဆန်းသလိုလိုဖြစ်နေပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အတိုက်အခံ နိုင်ငံရေးပါတီတစ်ခုက နိုင်ငံရေးအမြတ်ထုတ်လိုတဲ့ ရည်ရွယ်ချက်နဲ့ အဆန်းထွင်တဲ့အကွက်ဟာ အရင်လမ်းဟောင်းအတိုင်း ဖြစ် နေတာ တွေ့ရပါတယ်။ ၎င်းတို့ရဲ့ အဆိုပြုချက်မှာ ဘင်္ဂါလီတွေရဲ့ အကျပ်အတည်းကို တုံ့ပြန်ဆောင်ရွက်ဖို့အတွက် ကုလသမဂ္ဂနဲ့ နိုင်ငံတကာအသိုက်အဝန်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်မှုကို တိုးမြှင့်ဖို့၊ ဆန္ဒအလျောက် ဘေးကင်းလုံခြုံစွာနဲ့ ဂုဏ်သိက္ခာရှိရှိ ရေရှည်တည်တံ့တဲ့ နေရပ်ပြန်ပို့ရေးကို ကုလသမဂ္ဂက ကြီးကြပ်ဖို့ ဆရာတွေပြောနေကျစကားကို အာဂုံဆောင်ပြီး ထပ်ပြောလာပြန်ပါတယ်။

### အမှန်တရားကို မျက်ကွယ်ပြု

ဒါ့အပြင် ဘင်္ဂါလီတွေအပေါ် လူမျိုးတုံးသတ်ဖြတ်မှု၊ ရာဇဝတ်မှုတွေနဲ့ စစ်ရာဇဝတ်မှုတွေကို အသိအမှတ်ပြုဖို့၊ ရာဇဝတ်မှုကျူးလွန်သူအားလုံးကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး(ICC)နဲ့ အခြားနိုင်ငံတကာခုံရုံးတွေကတစ်ဆင့် တရားစီရင်ဖို့နဲ့ ထပ်မံဖြစ်ပွားခြင်းမှ ကာကွယ်ဖို့နဲ့ တရားမျှတမှုရှိစေဖို့အတွက် ကြိုးပမ်းမှုတွေမှာ ပံ့ပိုးကူညီဖို့၊ ဘင်္ဂါလီတွေကို နှိပ်စက်ညှဉ်းပန်းမှုနဲ့ ပတ်သက်လို့ အာဆီယံနိုင်ငံတွေက ကြိုတင်ကာကွယ်ဖို့အတွက် မူဝါဒချမှတ်ဆောင်ရွက်ဖို့ လိုအပ်တဲ့ ဒေသတွင်းနဲ့ ကမ္ဘာလုံးဆိုင်ရာ ပြဿနာအဖြစ် အသိအမှတ်ပြုဖို့၊ ဒေသတွင်းနဲ့ အာဆီယံနိုင်ငံတွေအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဖို့၊ မြန်မာနိုင်ငံနဲ့ပြည်ပနိုင်ငံတွေမှ ဒုက္ခသည်စခန်းတွေကို ယာယီအဖြစ် ရောက်ရှိလာတဲ့ ဘင်္ဂါလီတွေကို အကာအကွယ်ပေးမှု မြှင့်တင်ဖို့ မဟုတ်တရုတ်တွေ စာရင်းသွင်း ထည့်ပြောထားပါတယ်။



နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးအတွက် တောင်ပြိုလက်ဝဲမြို့နယ်၌ ပြင်ဆင်နေမှုများကို ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က မြန်မာနိုင်ငံအခြေစိုက်သံရုံးများမှ သံတမန်များအား စက်တင်ဘာလဆန်းက ရှင်းလင်းပြသစဉ်။

အခု အတိုက်အခံပါတီ ပြောဆိုခဲ့တဲ့ စကားတွေဟာ အနောက်နိုင်ငံတွေနဲ့ OIC နိုင်ငံတွေရဲ့ ပြောဆိုလုပ်ကိုင်ခဲ့တာတွေဖြစ်လို့ ယခု ၎င်းတို့သဘောထားဟန်နဲ့ ထပ်မံထုတ်ဖော်ပြောဆိုလာတော့ အဲဒီနိုင်ငံတွေရဲ့ ထောက်ခံမှုတွေရဖို့ မျှော်လင့်ဟန်တူပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ဖြစ်ခဲ့တဲ့ကိစ္စတွေနဲ့ပတ်သက်လို့ နိုင်ငံတကာတရားရုံးမှာ မြန်မာနိုင်ငံမှာ အဲဒီအချိန်က အစိုးရဖြစ်တဲ့ အာဏာရပါတီရဲ့ ခေါင်းဆောင်ကိုယ်တိုင်သွားရောက် ဖြေရှင်းခဲ့ပြီးဖြစ်ပါတယ်။ ယနေ့တိုင်လည်း သတ်မှတ်ထားတဲ့အချက်တွေအတိုင်း နိုင်ငံကိုတာဝန်ယူတဲ့အစိုးရက သွားရောက်ဖြေရှင်းခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ လိပ်ခဲတည်းလည်း ဖြစ်နေတဲ့ပြဿနာဟာ အမှန်တရားကို မျက်ကွယ်ပြုပြီး အမှားတွေနဲ့ တောင်းဆိုနေလို့ အဆုံးမသတ်နိုင်တဲ့ပြဿနာလို့ ဆိုနိုင်ပါတယ်။

### ဖြေရှင်းမရတဲ့ပြဿနာ

ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှာ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေနဲ့ ပတ်သက်တဲ့ တံခါးပိတ်/တံခါးဖွင့် အစည်းအဝေးတွေ ခဏခဏလုပ်ရာမှာ နေရပ်စွန့်ခွာ ဘင်္ဂါလီအရေးဟာ အမြဲလိုလို ပါနေကျ ဖြစ်ပါတယ်။ ဆုံးဖြတ်မှုတွေ၊ ကြားနာမှုတွေ အကြိမ်ကြိမ်အခါခါ ပြုလုပ်ခဲ့ကြပေမယ့် ထူးမခြားနား ဘာမှဖြစ်မလာတာကို ၎င်းတို့နဲ့ပတ်သက်တဲ့သူတွေကိုယ်တိုင် ဝန်ခံထားပါတယ်။ အာဆီယံအဖွဲ့အစည်းအတွင်းမှာလည်း အနောက်နိုင်ငံတွေနဲ့ OIC နိုင်ငံတွေနဲ့ မကင်းရာမကင်းကြောင်း နိုင်ငံအချို့က ကန့်ကွက်မှုတွေ၊ ဖိအားပေးမှုတွေ၊ တွန်းအားပေးမှုတွေ ပြုလုပ်ခဲ့ကြပေမယ့်လည်း ထူးမခြားနားပါပဲ။ ရခိုင်ပြည်နယ်က ဘင်္ဂါလီပြဿနာဟာ နောက်ခံသမိုင်းကြောင်းရှည်လျားပြီး ရှုပ်ထွေးနက်နဲတဲ့ ပြဿနာတစ်ရပ်ဖြစ်ပါတယ်။ တကယ်တော့ ပြဿနာရှိရင် အဖြေရှိရမှာ ဖြစ်ပါတယ်။ ရိုးရိုးသားသားဆိုရင် ဖြေရှင်းနိုင်တဲ့ ပြဿနာဖြစ်ပါတယ်။ မရိုးသားဘဲ မမှန်ကန်တဲ့ အကြောင်းအရာတွေကြောင့် ဖြေရှင်းမရတဲ့ပြဿနာ ဖြစ်နေပါတယ်။

နောက်တစ်ခုက အမေရိကန်ပြည်ထောင်စုက ပြဋ္ဌာန်းခဲ့တဲ့ (Burma Act)ကို BNP အနေနဲ့ ကြိုဆိုပြီး အာဆီယံအတွင်း မြန်မာနိုင်ငံအရေး ပိုမိုတက်ကြွစွာ ဆောင်ရွက်ရေးကို အားပေးဖို့အတွက် ဥရောပသမဂ္ဂ(EU)ရဲ့ ဩဇာလွှမ်းမိုးမှုကို အသုံးချဖို့၊ အစ္စလာမ်မစ်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC)က မြန်မာအစိုးရကို အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ)မှာ တရားစွဲဆိုခြင်းအပါအဝင် ကမ္ဘာလုံးဆိုင်ရာထောက်ခံမှုကို စည်းရုံးရယူဖို့နဲ့ အာဆီယံမှာ အင်ဒိုနီးရှားရဲ့ ဦးဆောင်မှုနဲ့အတူ အာဆီယံရဲ့ အခန်းကဏ္ဍ ပိုမိုအားကောင်းလာစေဖို့အတွက် အာဆီယံကို ထောက်ခံအားပေးဖို့၊ ဘင်္ဂါလီတွေကို ထောက်ပံ့ဖို့ ကုလသမဂ္ဂအေဂျင်စီတွေထံမှ လူသားချင်းစာနာထောက်ထားမှုအကူအညီတွေ တိုးမြှင့်တောင်းခံဖို့တွေလည်း ပါပါတယ်။

### သခွတ်ပင်ကမီးတကျီကျီ

အမေရိကန်ပြည်ထောင်စုက ပြဋ္ဌာန်းခဲ့တဲ့ (Burma Act) ၂၀၂၂ မှာ အဓိကပါဝင်တဲ့အချက်က လာမယ့် ငါးနှစ်အတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီနဲ့ ဒီမိုကရေစီရေးလှုပ်ရှားသူတွေကို ထောက်ပံ့ဖို့ အမေရိကန်ဒေါ်လာ သန်း ၄၅၀ တရားဝင်ခွင့်ပြုဖို့ဆိုတဲ့ အချက်ပါဝင်ပါတယ်။ (Burma Act) အတည်ပြုလို့ ယမန်နှစ်ကလည်း အမေရိကန်ဒေါ်လာ ၁၃၆ သန်းနဲ့ စီးပွားဖြစ်ခဲ့ကြတဲ့ အဖွဲ့အစည်းတွေရှိသလို စိတ်ဝင်စားစရာကောင်းတဲ့ (Burma Act)ကို ယခု ၂၀၂၃ ခုနှစ်မှာလည်း ပြည်တွင်းပြည်ပက ဆန့်ကျင်ဘက် အဖွဲ့အစည်းတွေက သူ့ထက်ငါဦးအောင် ကြိုတင်ပြင်ဆင်မှုတွေ၊ အစီအမံတွေနဲ့ တက်တက်ကြွကြွ လှုပ်ရှားနေကြတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ပြည်တွင်းရေး အကြောင်းပြုပြီး သခွတ်ပင်က မီးတကျီကျီလုပ်နေကြတာ ဖြစ်ပါတယ်။ ဒုက္ခသည်တွေကိုအကြောင်းပြုပြီး နိုင်ငံရေးအမြတ်ထုတ်တာတွေ၊ လုပ်စားနေကြတာတွေ ရှိနေတာကို တွေ့ရမှာဖြစ်ပါတယ်။

နောက်တစ်ခါ ဒုက္ခသည်စခန်းတွေမှာအရပ်သားဘင်္ဂါလီတွေရဲ့ ခေါင်းဆောင်မှုကို တည်ဆောက်ပြီး ရာဇဝတ်မှုတွေ တိုက်ဖျက်ဖို့၊ ပြည်ပရောက်ဘင်္ဂါလီတွေရဲ့ အရေးကြီးတဲ့ အခန်းကဏ္ဍကို မြှင့်တင်ဖို့၊ အကြမ်းဖက်မှုမပြုလုပ်တဲ့ ပြည်ပရောက်ဘင်္ဂါလီခေါင်းဆောင်တွေနဲ့ ဆက်ဆံရေး ထူထောင်ကာ နိုင်ငံတကာဖိုရမ်တွေမှာ ပူးပေါင်းဆောင်ရွက်ဖို့၊ အလုပ်အကိုင်အခွင့်အလမ်းကိစ္စတွေ ဖြေရှင်းပေးဖို့၊ ကလေးငယ်တိုင်း ပညာသင်ကြားခွင့်ရရှိစေဖို့၊ ဘာသန်ချာကျွန်းရှိ ဒုက္ခသည်စခန်းသို့ ပို့ဆောင်နေခြင်းကို ပြန်လည်သုံးသပ်ဖို့၊ နေရပ်ပြန်ရေးအစီအစဉ်တွေ ရေးဆွဲရာမှာ ဒုက္ခသည်တွေရဲ့ သဘောထားတွေနဲ့လိုလားချက်တွေကို ထည့်သွင်းစဉ်းစားဖို့၊ ဘင်္ဂါလီနဲ့ရခိုင်အသိုက်အဝန်းတွေအကြား ဆွေးနွေးမှုတွေနဲ့ ပြန်လည်သင့်မြတ်ရေးကို အားပေးမြှင့်တင်ဖို့အတွက် အစည်းအဝေးတွေ ပြုလုပ်ရေး အကူအညီပေးဖို့ အချက်တွေကို အရှုးချေးပန်းဆိုတာလို ဘောက်သောက် ထည့်သွင်းတောင်းဆိုထားတာ တွေ့ရပါတယ်။

### ပြန်လည်လက်ခံရေးပြင်ဆင်ထား

တစ်ဖက်နိုင်ငံ ဒုက္ခသည်စခန်းတွေမှာ ARSA အကြမ်းဖက်သမားတွေ စိမ့်ဝင်ရောနှောနေထိုင်ပြီး အနိုင်ကျင့် နှိပ်စက်သတ်ဖြတ်မှုတွေ၊ အကြမ်းဖက်မှုတွေ ရှိနေလို့ ဘင်္ဂလားဒေ့ရှ်အစိုးရက ကိုင်တွယ်ရှင်းလင်းနေရပါတယ်။ ၎င်းတို့ရဲ့ ဒုက္ခသည်စခန်းမှာ ဖြစ်ပျက်နေတဲ့ ကိစ္စတွေဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရနဲ့ ၎င်းတို့ရဲ့ အတွင်းရေးကိစ္စဖြစ်လို့ ၎င်းတို့ကိုယ်တိုင် ဖြေရှင်းရမှာ ဖြစ်ပါတယ်။ ဘင်္ဂါလီတွေ နေရပ်ပြန်ရေးအစီအစဉ်နဲ့ ပတ်သက်လို့ ပြဿနာစတင်ဖြစ်ပြီးတဲ့ အချိန်ကစလို့ မြန်မာနိုင်ငံအစိုးရ အဆက်ဆက်က အလေးထားဆောင်ရွက်ခဲ့၊ ဆောင်ရွက်နေတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း BNP လို နိုင်ငံရေးပါတီတွေ၊ အဖွဲ့အစည်းတွေက သတင်းမှားတွေကို အခြေခံပြီး မြန်မာနိုင်ငံက လူ့အခွင့်အရေးချိုးဖောက်နေသယောင် တွင်တွင်ပြောဆိုနေကြတာ ရှိပါတယ်။

> “ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေနဲ့ ပတ်သက်တဲ့ တံခါးပိတ် / တံခါးဖွင့်အစည်းအဝေးတွေ ခဏခဏလုပ်ရာမှာ နေရပ်စွန့်ခွာ ဘင်္ဂါလီအရေးဟာ အမြဲလိုလိုပါနေကျ ဖြစ်ပါတယ်။ ဆုံးဖြတ်မှုတွေ၊ ကြားနာမှုတွေ အကြိမ်ကြိမ်အခါခါ ပြုလုပ်ခဲ့ကြပေမယ့် ထူးမခြားနား ဘာမှဖြစ်မလာတာကို ၎င်းတို့နဲ့ပတ်သက်တဲ့သူတွေကိုယ်တိုင် ဝန်ခံထားပါတယ်။ အာဆီယံအဖွဲ့အစည်းအတွင်းမှာလည်း အနောက်နိုင်ငံတွေနဲ့ OIC နိုင်ငံတွေနဲ့ မကင်းရာမကင်းကြောင်း နိုင်ငံအချို့က ကန့်ကွက်မှုတွေ၊ ဖိအားပေးမှုတွေ၊ တွန်းအားပေးမှုတွေ ပြုလုပ်ခဲ့ကြပေမယ့်လည်း ထူးမခြားနားပါပဲ။ ရခိုင်ပြည်နယ်က ဘင်္ဂါလီပြဿနာဟာ နောက်ခံသမိုင်းကြောင်းရှည်လျားပြီး ရှုပ်ထွေးနက်နဲတဲ့ ပြဿနာတစ်ရပ်ဖြစ်ပါတယ်။ တကယ်တော့ ပြဿနာရှိရင် အဖြေရှိရမှာ ဖြစ်ပါတယ်။ ရိုးရိုးသားသားဆိုရင် ဖြေရှင်းနိုင်တဲ့ ပြဿနာဖြစ်ပါတယ်။ မရိုးသားဘဲ မမှန်ကန်တဲ့ အကြောင်းအရာတွေကြောင့် ဖြေရှင်းမရတဲ့ပြဿနာ ဖြစ်နေပါတယ်”

*စာမျက်နှာ ၁၁ သို့*

# ချစ်ကြည်လက်တွဲ မြဲကြစို့

❖ ဟိုမှာသည်မှာ၊ ရှုကြည့်ပါလော့
စီကာသွယ်ဆန်း၊ တောင်ပြာတန်းနှင့်
စိမ့်စမ်းတူယှဉ်၊ အလှဆင်လျက်
စိုလွင်သစ်ဝါး၊ ကျေးငှက်များပြင်
သားမျိုးစုံစုံ၊ ခိုမှီလှုံသည်
သာပုံဆန်းသည် မဟုတ်လော...။

❖ ဟိုမှာသည်မှာ၊ ရှုကြည့်ပါလော့
ဧရာအစ၊ မလိခနှင့်
မေခ စစ်တောင်း၊ အားဖြည့်လောင်း၍
ပေါင်းလောင်း သံလွင်၊ မြစ်ရေယဉ်တို့
သို့လျှင်မက၊ များပြားစွတည့်
ဝန်းခကြကုန်၊ လှမျိုးစုံသည်
သာပုံဆန်းသည် မဟုတ်လော...။

❖ ဟိုမှာသည်မှာ၊ ရှုကြည့်ပါလော့
လယ်ယာဆည်ချောင်း၊ ဥယျာဉ်ကောင်းနှင့်
ပြောင်းနှမ်းစပါး၊ သီးနှံများတို့
ထက်ဖျားညာကြော၊ တောင်ပေါ်မြေဟု
ရွှန်းဝေထွက်ကုန်၊ ဖြစ်ထွန်းစုံသည်
သာပုံဆန်းသည် မဟုတ်လော...။

❖ သာပုံဆန်းစွာ၊ ဤမြေချာသည်
မြန်မာဟူငြား၊ နောင်ညီများ၏
ဘိုးဘွားပေးဝေ၊ ရှေးအမွေတည့်
တည်နေပိုင်နက်၊ ပွဲမထွက်ဖို့
သွေးသက်ပေးကာ၊ ညီတညာဖြင့်
ကာကွယ်ခဲ့သည် မဟုတ်လော...။

❖ ကမ္ဘာ့မြေပုံ၊ သွေးရောင်စုံ၌
ဂုဏ်အင်ရှိစွာ၊ နောင်ရှည်ကြာထိ
မြန်မာဟူငြား၊ ဂုဏ်တောက်ကြွားအောင်
မခြားစိတ်ဝမ်း၊ ပြည်တစ်ဝန်းတွင်
ယမ်းနံ့ကင်းရေး၊ အရှည်တွေးလျက်
သွေးချင်းနောင်ညီ၊ ရှေ့ဆက်ချီဖို့
“အန်စီအေ”ဟု၊ ညွှန်းဆိုပြုသော်
ရတုရှစ်လီ တိုင်ပြီတည်း...။

❖ အို...
အချစ်တွေထပ်၊ အပစ်ရပ်လို့
တည့်မတ်ညီညီ၊ ရှေ့ဆက်ချီမည်
ပြည်ခွင်အလုံး ငြိမ်းချမ်းဖို့...။
ကြည်ရွှင်မဆုံး အေးချမ်းဖို့...။
ချစ်ကြည်လက်တွဲ မြဲကြစို့...။ ။

မောင်စိမ်းနောင်(လယ်ဝေး)

---

စာမျက်နှာ ၁၀ မှ

**“မကြာသေးမီက ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်တွေက နေရပ်စွန့်ခွာသူတွေ ပြန်လည်လက်ခံရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားမှုတွေကို မြန်မာနိုင်ငံ အခြေစိုက်သံရုံးတွေမှ သံရုံးအကြီးအကဲတွေနဲ့ သံတမန်တွေကို ကွင်းဆင်းသွားရောက်ရှင်းလင်းပြသတဲ့အခါမှာ သံတမန်တွေက နားလည်သဘောပေါက်ပြီးတော့ သူတို့ရဲ့နိုင်ငံတွေကို ပြန်လည်ပြီး အခြေအနေမှန်တွေကို အစီရင်ခံသွားမယ်လို့ ဆိုကြပါတယ်။ မြန်မာနိုင်ငံရဲ့ဆောင်ရွက်ချက်တွေကို အသိအမှတ်ပြု ကျေးဇူးတင်တယ်လို့ ပြောပါတယ်။ ပြန်လည်လက်ခံရေးလုပ်ငန်းတွေကို အစိုးရအဆက်ဆက်က အလေးထားလုပ်ခဲ့ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် အကောင်အထည်တော့ ပေါ်မလာသေးပါဘူး။ ဒါပေမယ့် လာမယ့်ပွင့်လင်းရာသီမှာ လုပ်ငန်းတွေ ပြန်လည်စတင်နိုင်ဖို့ အစစအရာရာ လိုလေသေးမရှိ အသင့်ပြင်ဆင်ထားပါတယ်”**

မကြာသေးမီက ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်တွေက နေရပ်စွန့်ခွာသူတွေ ပြန်လည်လက်ခံရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားမှုတွေကို မြန်မာနိုင်ငံ အခြေစိုက်သံရုံးတွေမှ သံရုံးအကြီးအကဲတွေနဲ့ သံတမန်တွေကို ကွင်းဆင်းသွားရောက် ရှင်းလင်းပြသတဲ့အခါမှာ သံတမန်တွေက နားလည်သဘောပေါက်ပြီးတော့ သူတို့ရဲ့နိုင်ငံတွေကို ပြန်လည်ပြီး အခြေအနေမှန်တွေကို အစီရင်ခံသွားမယ်လို့ ဆိုကြပါတယ်။ မြန်မာနိုင်ငံရဲ့ ဆောင်ရွက်ချက်တွေကို အသိအမှတ်ပြု ကျေးဇူးတင်တယ်လို့ ပြောပါတယ်။ ပြန်လည်လက်ခံရေး လုပ်ငန်းတွေကို အစိုးရအဆက်ဆက်က အလေးထားလုပ်ခဲ့ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် အကောင်အထည်တော့ပေါ်မလာသေးပါဘူး။ ဒါပေမယ့် လာမယ့် ပွင့်လင်းရာသီမှာ လုပ်ငန်းတွေ ပြန်လည်စတင်နိုင်ဖို့ အစစအရာရာ လိုလေသေးမရှိ အသင့်ပြင်ဆင်ထားပါတယ်။

### လိုအပ်သမျှဖြည့်ဆည်းထား

နေရပ်စွန့်ခွာသွားသူတွေကိုပြန်လည်လက်ခံရာမှာ နှစ်နိုင်ငံအစိုးရရဲ့ သဘောတူညီချက်တွေနဲ့ လက်ခံနိုင်အောင် ဆောင်ရွက်လျက်ရှိပါတယ်။ ပထမဆုံး ဝင်လာတဲ့နေရာမှာ လက်ခံမယ်၊ လုံခြုံရေးအရ လိုအပ်တာကို စိစစ်မယ်၊ လူဝင်မှုကြီးကြပ်ရေးက စိစစ်မယ်၊ ပြီးရင် နိုင်ငံသားဖြစ်မှုအတွက် စိစစ်ကတ်ထုတ်ပေးမယ်၊ ပြီးရင် နိုင်ငံသားဖြစ်ဖို့အတွက် မြန်မာနိုင်ငံက ပြဋ္ဌာန်းထားတဲ့ ဥပဒေအတိုင်း ဆက်လက်လျှောက်ထားနိုင်တယ်။ အမှန်တကယ်တော့ ရှင်းရှင်းလေးပါပဲ။ မြန်မာနိုင်ငံက ပြဋ္ဌာန်းထားတဲ့ ဥပဒေနဲ့ညီညွတ်ရင် နိုင်ငံသားဖြစ်လာမှာ ဖြစ်ပါတယ်။ သက်ဆိုင်ရာနိုင်ငံက ပြဋ္ဌာန်းထားတဲ့ ဥပဒေနဲ့ မညီညွတ်ရင် ဘယ်နိုင်ငံမှာမှ နိုင်ငံသားဖြစ်လာမှာ မဟုတ်ပါဘူး။ မြန်မာနိုင်ငံကို ဝင်ခွင့်ရတဲ့သူတွေ ပြန်လည်လက်ခံရေးစခန်းမှာ ခေတ္တထားပြီးနောက် ကြားစခန်းမှာ လိုအပ်တဲ့အထောက်အပံ့တွေနဲ့ထားရှိပြီး နေရပ်ပြန်သူတွေရဲ့ဆန္ဒအတိုင်း နှစ်သက်ရာရွာတွေမှာနေထိုင်ကြရမှာဖြစ်ပါတယ်။ ရွာတွေမှာ ဆေးရုံ၊ ဆေးခန်း၊ ကျောင်းတွေလည်း ရှိပြီးသား ဖြစ်ပါတယ်။

### ဒီမိုကရေစီကိုဖျက်ဆီး

ရှင်းရှင်းလေးကို ရှုပ်ရှုပ်ထွေးထွေး ဖြစ်အောင် BNP ပါတီက အချိန်ကိုက် ဝင်လုပ်ခဲ့တာဖြစ်ပါတယ်။ BNP ပါတီဆိုတာဟာ ယခင်ဝန်ကြီးချုပ်ဟောင်း ခါလတ် ဒါဇီယာရဲ့ Bangladesh Nationalist Party (BNP) ပါတီဖြစ်ပါတယ်။ လက်ရှိအာဏာရ ဝန်ကြီးချုပ် ရှိတ်ဟာစီနာ ဦးဆောင်တဲ့ Awami League (AL) ပါတီရဲ့ အတိုက်အခံပါတီတစ်ခု ဖြစ်ပါတယ်။ AL ပါတီဟာ ၁၉၉၆–၂၀၀၁ မှာ တစ်ကြိမ်အာဏာရရှိခဲ့ပြီးနောက် ၂၀၀၉ ခုနှစ် ဇန်နဝါရီလမှစတင်ကာ ယနေ့အချိန်အထိ ငါးနှစ်သက်တမ်း ဆက်တိုက် သုံးကြိမ် အာဏာရရှိခဲ့ပါတယ်။ ခါလတ် ဒါဇီယာရဲ့ BNP ပါတီဟာ နောက်ဆုံးအကြိမ်မှာ လွှတ်တော်နေရာ ငါးနေရာသာ ရရှိခဲ့တယ်။ BNP ပါတီဟာ ၁၉၇၈ ခုနှစ်ကစလို့ ၎င်းတို့ရဲ့ နိုင်ငံရေးသမိုင်းကြောင်းမှာ မညီမျှဆုံး ရှုံးနိမ့်မှုအဖြစ် ကြုံတွေ့ခဲ့ရပါတယ်။ BNP ပါတီဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အာဏာရအစိုးရအဖြစ် ၁၉၉၁–၁၉၉၆ ခုနှစ်မှာ တစ်ကြိမ်၊ ၂၀၀၁–၂၀၀၆ ခုနှစ်မှာ တစ်ကြိမ် အာဏာရရှိခဲ့ပါတယ်။ BNP ပါတီဟာ ဒီမိုကရေစီအနှစ်သာရတွေကို ဖျက်ဆီးခဲ့တဲ့ ပါတီဖြစ်ပါတယ်။

BNP ပါတီဟာ ကျွန်တော်တို့နိုင်ငံက အစွန်းရောက်နိုင်ငံရေးသမားတွေလိုပါပဲ။ ရွေးကောက်ပွဲမှာ နိုင်ခြေမရှိရင် လမ်းပေါ်ထွက် အကြမ်းဖက်လှုပ်ရှားတွေ BNP ပါတီက ပြုလုပ်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်ဝန်းကျင်ခန့်က AL ပါတီအစိုးရ ဦးဆောင်ကျင်းပပြုလုပ်တဲ့ ရွေးကောက်ပွဲကို အယုံအကြည်မရှိ ကန့်ကွက်ရှုတ်ချသပိတ်မှောက်ပြီး မီးရှို့တိုက်ခိုက်မှုတွေ ပြုလုပ်ခဲ့တဲ့ပါတီဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ်ကုန်ပိုင်းကလည်း BNP ပါတီထောက်ခံသူ သောင်းနှင့်ချီပြီး အစိုးရကို ကန့်ကွက်ကြောင်း ဆန္ဒပြခဲ့ကြပါတယ်။

လက်ရှိအစိုးရက BNP ပါတီထိပ်ပိုင်းခေါင်းဆောင်အချို့ကို အကြမ်းဖက်လှုံ့ဆော်မှုနဲ့ အရေးယူဖမ်းဆီးခဲ့ပါတယ်။ ဘင်္ဂလားဒေ့ရှ်အစိုးရက ယခု ၂၀၂၃ ခုနှစ်ကုန်မှာ ရွေးကောက်ပွဲကျင်းပဖို့ စီစဉ်ထားပြီး ရွေးကောက်ပွဲမတိုင်မီကာလမှာ ဘင်္ဂလားဒေ့ရှ်ပြည်သူတွေရဲ့ ထောက်ခံမှု ပိုမိုရရှိဖို့အတွက် ပြည်တွင်းမှာ စည်းရုံးလှုံ့ဆော်မှုတွေ ပြုလုပ်တာသာမက နေရပ်စွန့်ခွာ ဘင်္ဂါလီတွေကို အသုံးချပြီး ပြည်တွင်း/ပြည်ပက အထောက်အပံ့တွေ ရရှိလာစေဖို့အတွက် မြန်မာနိုင်ငံအပေါ် ထိုးနှက်တိုက်ခိုက်မှုတွေ ပြုလုပ်လာတာကို တွေ့ရမှာ ဖြစ်ပါတယ်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ ရွေးကောက်ပွဲနီးလာချိန်မှာ နိုင်ခြေမရှိလို့ အဆန်းထွင်တဲ့ အကွက်တွေကို BNP က ပြုလုပ်ခဲ့ပါတယ်။ သူ့နိုင်ငံမှာ အကြမ်းဖက်မှုတွေ၊ အကျင့်ပျက်ခြစားမှုတွေပြုလုပ်လို့ လက်ရှိအစိုးရက ဖိအားပေးအရေးယူခံနေရချိန်မှာ နိုင်ငံတကာက စိတ်ဝင်စားမှုမြင့်တက်နေတဲ့ မြန်မာနိုင်ငံမှာ ကာလရှည်ကြာဖြစ်ပေါ်ခဲ့တဲ့ ဘင်္ဂါလီတွေရဲ့ အရေးကိစ္စကို အကြောင်းပြုပြီးတော့ နိုင်ငံရေးအမြတ်ထုတ် စားပေါက်ထွင်တဲ့လုပ်ရပ်ကို လက်မခံ၊ ဆန့်ကျင်ရှုတ်ချလိုက်ပါတယ်။ ။

❂ ❂ ❂

---

## ဇလွန်မြို့နယ်မှ ကမ်းပြိုမှုဖြစ်ပွားသော နေရာတွင် ရေပေါ်ရေလွှဲတန်းနှင့် Floating Unit များပြုလုပ်

ဇလွန် အောက်တိုဘာ ၁၃

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် တောင်ပို့တစ်ရာကျေးရွာအုပ်စု အမကရေလယ်သောင်ကျောင်းကုန်းအနီး ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုမှုဖြစ်ပွားခဲ့သောနေရာတွင် ရေပေါ်ရေလွှဲတန်းများနှင့် Floating Unit များ ပြုလုပ်နေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် တာဝန်ရှိသူများက အောက်တိုဘာ ၁၂ ရက်က ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါကမ်းပြိုမှုဖြစ်ပွားခဲ့သောနေရာတွင် Floating Unit ပေ ၈၀၀ ခန့်နှင့် ရေများချိန်တွင် အရေးပေါ်လုပ်ငန်းအနေဖြင့် ရေတောင်ဝှေးချခြင်းလုပ်ငန်းများကို ခရိုင်ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ဝေယံ(ပြန် /ဆက်)

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း ငမိုးရိပ်ရေထိန်းတံခါးနှင့် စိတ်ကျန်းမာရေး ဆေးရုံကြီး(ရန်ကုန်)တွင် ရေဝင်ရောက်မှုအခြေအနေကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယမန်နေ့က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စစ်ပင်တောင်ကျေးရွာအနီး စစ်ပင်တောင်ကွေ့ရှိ ငမိုးရိပ်ရေထိန်းတံခါး အခြေအနေအား သွားရောက်၍ ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် မိုးရွာသွန်းမှုကြောင့် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် ငမိုးရိပ်ရေထိန်းတံခါး အခြေအနေအား သွားရောက်၍ ကြည့်ရှုစစ်ဆေးကာ တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးက ဆောင်ရွက်ထားရှိမှု လုပ်ငန်းအခြေအနေများကို တင်ပြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားသည်။



အလားတူ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယနေ့ မွန်းလွဲပိုင်းက ငမိုးရိပ်ရေထိန်းတံခါးသို့ ထပ်မံသွားရောက်၍ ရေထိန်းတံခါးပေါက်များမှ ရေပြန်ထုတ်ထားမှုနှင့် ရေထိန်းတံခါးအနီး အမှိုက်နှင့်နုန်းများ ဆယ်ယူနေမှုကို ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးက လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် တာဝန်ရှိသူများနှင့်အတူ မီးသတ်ဦးစီးဌာနမှ စက်တပ်လှေငယ်များဖြင့် ငမိုးရိပ်ချောင်းတစ်လျှောက် ချောင်းရေစီးဆင်းနေမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ငမိုးရိပ်ရေထိန်းတံခါး ရှင်းလင်းဆောင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများအား ရေများပြန်လည်ကျဆင်းရာတွင် ရေထိန်းတံခါးအနီး ပိတ်စို့နေသည့် အမှိုက်များ အမြန်ဆုံးရှင်းလင်းရန်၊ အမှိုက်များ ဆယ်ယူရှင်းလင်းရာတွင် လူအားထက် စက်ယန္တရားများနှင့်ပါ နှိုက်ထုတ်ဆယ်ယူ ရှင်းလင်းဆောင်ရွက်ရန်၊ အမှိုက်များနှင့်အတူ သဲနုန်းများကို နုန်းဖျော်စက်ဖြင့် ရှင်းလင်းဆောင်ရွက်သွားရန်၊ ညပိုင်းတွင် ရှင်းလင်းရေးလုပ်ငန်းများ အဆင်ပြေစေရန် ရေထိန်းတံခါး အနီးပတ်ဝန်းကျင်တွင် လျှပ်စစ်မီးလုံးများ ထွန်းထားရန်၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆောင်ရွက်သည့်သူများ ထိခိုက်မှုတစ်စုံတစ်ရာ မဖြစ်အောင် ဂရုပြုဆောင်ရွက်သွားရန်၊ ရှင်းလင်းရေးဆောင်ရွက်နေသူများအတွက် စားရေးသောက်ရေး စီစဉ်ဆောင်ရွက်ပေးသွားရန်နှင့် လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း )မြို့နယ်ရှိ စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)သို့ သွားရောက်ပြီး ဆေးရုံဝင်းအတွင်း ရေဝင်ရောက်မှုအခြေအနေ၊ ဆေးရုံ ထရန်စဖော်မာ ဘေးပတ်လည်ရေဝင်ရောက်မှု မရှိစေရေး သဲအိတ်များကာရံနေမှုနှင့် ရေများခပ်ထုတ်ဆောင်ရွက်နေမှု၊ စိတ်ကျန်းမာရေးဆေးရုံကြီး မီးဖိုဆောင်နှင့် ရိက္ခာဆောင်အတွင်းရေဝင်နေမှု၊ ဆန်ရိက္ခာများ သိုလှောင်ထားရှိမှု အခြေအနေနှင့် လူနာများစားသုံးရန် အစားအစာများ ချက်ပြုတ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **ဝေယံ(ပြန်/ဆက်)**

# KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကော့ကရိတ်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ပေါ်သို့ Drop ဗုံးများ ပစ်ချခဲ့မှုကြောင့် ကျောင်းသူ တစ်ဦးသေဆုံးပြီး သုံးဦး ဗုံးစထိမှန်ဒဏ်ရာများရရှိ

**နေပြည်တော် အောက်တိုဘာ ၁၃**

ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ် (၂) ရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ယနေ့ မွန်းလွဲပိုင်းတွင် ကျောင်းသား ကျောင်းသူများ နှစ်ဝက်စာမေးပွဲ ဖြေဆိုပြီး ပြန်လည်ထွက်ခွာလာစဉ် KKO (ခွဲထွက်) အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ရည်ရွယ်ချက်ရှိရှိ ရက်စက်ယုတ်မာစွာ Drone များ အသုံးပြု၍ ဗုံးသီးများပစ်ချမှုကြောင့် ကျောင်းသူတစ်ဦးသေဆုံးခဲ့ပြီး ကျောင်းသူ သုံးဦးတို့တွင် ဗုံးစထိမှန် ဒဏ်ရာများ(စိုးရိမ်ရ) ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ထိခိုက်ဒဏ်ရာရရှိသူ ကျောင်းသူများအား လုံခြုံရေး တပ်ဖွဲ့ဝင်များက ကော့ကရိတ်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိသည်။

အကြမ်းဖက် သမားများသည် ကျောင်းတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာ ဆရာမများနှင့် စာမေးပွဲ ဖြေဆိုနေသည့် ကျောင်းသား ကျောင်းသူများ၏ အသက်အန္တရာယ် ထိခိုက်စေရန်နှင့် ပညာသင်ကြားမှုကို ခြိမ်းခြောက်ဟန့်တားရန် ရည်ရွယ်၍ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းသည် ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime)ကို ကျူးလွန်ခြင်းဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် လိုအပ်သည့် တုံ့ပြန်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကော့ကရိတ်မြို့ အထက(ခွဲ) ဝင်းကြီးအနီးတွင် Drone ဗုံးသီး ကျရောက်ပေါက်ကွဲမှုကြောင့် သေဆုံးသွားသော ကျောင်းသူ မမိုးမိုးအေး (၁၂နှစ်)၊ (ဘ) ဦးမောင်အေး။



ကော့ကရိတ်မြို့ အထက(ခွဲ) ဝင်းကြီးအနီးတွင် Drone ဗုံးသီး ကျရောက်ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူ ကျောင်းသူ မနော်စုယဉ်အေး(၁၈ နှစ်)၊ (ဘ) ဦးမောင်အေး။

KKO(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက Drop ဗုံးများ အသုံးပြု၍ ပစ်ချမှုကြောင့် ကျောင်းသူ တစ်ဦးသေဆုံးပြီး သုံးဦး ဗုံးစထိမှန်ဒဏ်ရာရ နေရာပြပုံ



# အင်းစိန်မြို့နယ်၌ စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေး ကော်မတီ၊ ခရိုင်တာဝန်ခံနှင့် အင်းစိန်မြို့နယ် စာကြည့်တိုက်များ ကြီးကြပ်ရေး ကော်မတီများ တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၂ ရက်က မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

တွေ့ဆုံပွဲတွင် ခရိုင်တာဝန်ခံ ဦးဘိုကြည် (ဒေါက်တာ ဗိုလ် သံမဏိ- တောင်တွင်းကြီး) က ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီ၊ နာယကကြီးနှင့် ဥက္ကဋ္ဌတို့၏ ညွှန်ကြားချက်များနှင့် အစည်းအဝေး ဆုံးဖြတ်ချက်များအရ မြို့နယ် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင်များနှင့် လာရောက် တွေ့ဆုံရခြင်းဖြစ်သည်။ ယခုလို တွေ့ဆုံစဉ် မြို့နယ် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာတတ်သူတိုင်း စာဖတ်နိုင်ရေး တို့ကို ဆွေးနွေးတင်ပြကြရန် ပြောကြားသည်။

ထို့နောက် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီရုံးအဖွဲ့မှူး ဦးဝင်းသိန်း၊ မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမြင့် (မောင်မောင်ဝင်းမြင့်-မူခင်း)၊ ခရိုင်(ပြန်/ဆက်) ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်နှင့် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစန်းယုတို့က မြို့နယ် အတွင်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြို့နယ် ကော်မတီဝင်များ ဖြစ်ကြသော ဦးညွန့်ဝင်း၊ ဦးသိန်းဟန်နှင့် ဒေါ်လှလှမြင့်တို့က စာကြည့်တိုက် အသစ် ဆောက်လုပ်နိုင်ရေး၊ စာကြည့်တိုက်များ ပြုပြင်ရေး၊ စာအုပ်အသစ်များ ရရှိရေးနှင့် ပွင့်လင်းရာသီတွင် စာဖတ်ရှိန် မြှင့်တင်ရေးအတွက် စာပေဟောပြောပွဲ၊ ပြိုင်ပွဲများ ပြုလုပ်ရေး ဆွေးနွေးအကြံပြု တင်ပြရာ ခရိုင်တာဝန်ခံက ဆွေးနွေး တင်ပြချက်များကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ ရန်ကုန်တိုင်းဒေသကြီး အတွင်း စံပြစာကြည့်တိုက် ဆောက်လုပ်မည့် အမြင်သစ်စာကြည့်တိုက်သို့ သွားရောက်ကြည့်ရှုပြီး ပိန္နဲကုန်း၊ မာရဝိဇယ၊ နံ့သာမြိုင်နှင့် ဖိုးရာဇာစာကြည့်တိုက်များကို သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခအရှိန်ကောင်းနေစဉ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အာရပ်ငါးနိုင်ငံသို့ သွားရောက်မည်



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်။

**ဝါရှင်တန် အောက်တိုဘာ ၁၃**

အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခ နောက်ထပ်အရှိန်ကောင်းလာမှုကို တားဆီးနိုင်ရေးကြိုးပမ်းမှုတစ်ရပ်အဖြစ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က အာရပ်ငါးနိုင်ငံ ခရီးထွက်မည်ဟု သိရသည်။

ဂျော်ဒန်၊ ဆော်ဒီအာရေဗျ၊ ယူအေအီး၊ အီဂျစ်နှင့် ကာတာနိုင်ငံတို့သို့ ခရီးထွက်မည်ဖြစ်ကြောင်း အန်တိုနီဘလင်ကန်က အောက်တိုဘာ ၁၂ ရက်က သတင်းထောက်များကို ပြောသည်။

ဂျော်ဒန်နိုင်ငံတွင် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်နှင့်လည်း တွေ့ဆုံသွားရန်ရှိသည်ဟု ၎င်းကပြောသည်။ ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးတပ်ဖွဲ့က မြေပြင်ထိုးစစ်ဆင်နွှဲရန် ပြင်ဆင်မှုများ ပြုလုပ်နေစဉ် ၎င်း၏ကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

ပဋိပက္ခများ ကြီးမားကျယ်ပြန့်လာမှုကို တားဆီးရန် အာရပ်ခေါင်းဆောင်များကို တိုက်တွန်းသွားမည်ဟုလည်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ပြောသည်။ ထို့ပြင် ဟားမားစ်အဖွဲ့မှ ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားသည့် လူများ လုံခြုံစိတ်ချစွာ ပြန်လည်လွတ်မြောက်လာရေးအတွက်လည်း တွန်းအားပေးသွားမည်ဟု သိရသည်။

ဟားမားစ်သည် အစ္စရေးအပေါ် ကြီးမားသည့် တိုက်ခိုက်မှုကို မည်သို့လုပ်ဆောင်ခဲ့သနည်းဟု မေးမြန်းရာတွင် ၎င်းအနေဖြင့် တိကျသည့်အဖြေမပေးနိုင်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

သို့သော်လည်း အမေရိကန်သည် ဆော်ဒီအာရေဗျနှင့် အစ္စရေးတို့အကြား ပုံမှန်ဆက်ဆံရေး ထူထောင်နိုင်ရေး ကြိုးပမ်းနေကြောင်း ဘလင်ကန်က ဖြေကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# လာအိုနိုင်ငံ၏ ပထမဆုံး ရထားလေ့ကျင့်ရေးကောလိပ် ဖွင့်လှစ်

**ဗီယင်ကျန်း အောက်တိုဘာ ၁၃**

တရုတ်-လာအို ရထားလိုင်းတွင် တာဝန် ထမ်းဆောင်ရန် ဝန်ထမ်းများအတွက် လာအိုနိုင်ငံ၏ ပထမဆုံးသော ရထားလုပ်ငန်းဆိုင်ရာ လေ့ကျင့်ရေးကောလိပ်ကို တရားဝင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

တရုတ်နိုင်ငံအစိုးရ ထောက်ပံ့ကူညီမှုဖြင့် တည်ဆောက်ခဲ့သည့် အဆိုပါ ကောလိပ်ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၂ ရက်က ကျင်းပရာ လာအိုသမ္မတ ထောင်လွန်းဆီဆုလစ်တက်ရောက် ဖွင့်လှစ်ပေးခဲ့သည်။

ကောလိပ်မဖွင့်မီ လျှောက်ထားသူ ၃၆၀ ခန့် ဝင်ခွင့်စာမေးပွဲများ အောင်မြင်ခဲ့ပြီး ရထားမောင်းနှင်မှု၊ ဘူတာရုံဝန်ဆောင်မှုများ၊ လျှပ်စစ်ပြုပြင်ရေး၊ စက်ပြုပြင်ထိန်းသိမ်းရေးနှင့် အခြားရထားလုပ်ငန်းဆိုင်ရာသင်တန်းများ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

ကောလိပ်တွင် ဟောပြောခန်း၊ လက်တွေ့လေ့ကျင့်ရေးအဆောက်အအုံ၊ အုပ်ချုပ်ရေးအဆောက်အအုံ၊ စာကြည့်တိုက်၊ စားဖိုဆောင်၊ ကျောင်းသားအိပ်ဆောင်နှင့် အခြားသော အဆောက်အအုံများ ပါဝင်သည်။ သင်တန်းသားများကို တရုတ်နိုင်ငံတွင် ရထားလမ်းပိုင်းဆိုင်ရာ လေ့ကျင့်မှုများ ရရှိထားသည့် တရုတ်နှင့် လာအိုမှ ဆရာ ဆရာမများက သင်ကြားပေးမည်ဖြစ်သည်။ **ဆင်ဟွာ**



ဗီယင်ကျန်းမြို့ရှိ မီးရထား အသက်မွေးဝမ်းကျောင်းနှင့် နည်းပညာကောလိပ်ဖွင့်ပွဲ အခမ်းအနား ကျင်းပစဉ်။



# စစ်ဘေးဒဏ်ခံဆူဒန်နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပြိုလဲလုနီးနီးဖြစ်လာ

**ခါတွန် အောက်တိုဘာ ၁၃**

ဆူဒန်နိုင်ငံ၌ ကြောက်မက်ဖွယ် ပဋိပက္ခများ ဖြစ်ပွားနေစဉ် ပြည်သူများမှာ ဆေးဘက်ဆိုင်ရာ အရေးကြီးသည့် အကူအညီများ ရရှိရန် ရုန်းကန်နေရသည်ဟု အောက်တိုဘာ ၁၂ ရက်တွင် နယ်စည်းမခြားဆရာဝန်များအဖွဲ့က သတိပေးခဲ့သည်။

ဆူဒန်တပ်ဖွဲ့နှင့် Rapid Support Forces (RSF) အဖွဲ့တို့အကြား ပဋိပက္ခများ ဖြစ်ပွားနေသည်မှာ ခြောက်လနီးပါး ကြာမြင့်လာပြီဖြစ်ပြီး တိုင်းပြည်၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်မှာ ပြိုလဲလုနီးနီးဖြစ်လာသည်ဟု နယ်စည်းမခြား ဆရာဝန်များအဖွဲ့က ပြောသည်။

ဆူဒန်ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများမှာ ပြည်သူများ ဆေးဝါးလိုအပ်ချက် ပြည့်မီအောင် ရုန်းကန်ကြိုးပမ်းနေရသည်။ နိုင်ငံအတွင်း ကူးစက်ရောဂါနှင့် ရောဂါပျံ့နှံ့မှုမှာလည်း ဆက်လက် ဖြစ်ပွားနေသည်ဟု ကျန်းမာရေးအာဏာပိုင်များက ပြောသည်။

ဆူဒန်နိုင်ငံတစ်လွှား ယိုင်နဲ့နဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်မှာလည်း ရုန်းကန်နေရကာ အရေးပေါ်အခန်းများမှာ လူပြည့်နေပြီး ဆေးရုံအချို့မှာ လုံးဝပိတ်လိုက်ရပြီဖြစ်သည်။

ဆူဒန်နိုင်ငံတွင် မကြာသေးမီကာလအတွင်း ငှက်ဖျား၊ တုပ်ကွေးနှင့် ကာလဝမ်းရောဂါအပါအဝင် အခြားသော ကူးစက်ရောဂါများမှာ ကူးစက်မှုနှုန်းတိုးလာလျက်ရှိသည်ဟု သိရသည်။ **ဆင်ဟွာ**

# အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂေါ၌ ကျောက်မီးသွေးတွင်း ပြိုကျရာမှ သုံးဦးသေဆုံး

**နယူးဒေလီ အောက်တိုဘာ ၁၃**

အိန္ဒိယနိုင်ငံ အရှေ့ပိုင်းပြည်နယ်ဖြစ်သည့် အနောက်ဘင်္ဂေါ၌ ကျောက်မီးသွေးတွင်း ပြိုကျမှုကြောင့် သုံးဦးသေဆုံးကာ လူများစွာ ပိတ်မိနေကြောင်း အာဏာပိုင်များက အောက်တိုဘာ ၁၃ ရက်တွင် ပြောသည်။

အောက်တိုဘာ ၁၁ ရက် မွန်းလွဲပိုင်းက ကျောက်မီးသွေးတွင်းလုပ်သားများ တူးဖော်ရေးလုပ်ငန်းများ လုပ်ဆောင်နေစဉ် ပြိုကျမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ကိုကတ္တားမြို့ အနောက်မြောက်ဘက် ၁၉၇ ကီလိုမီတာအကွာ ပတ်စ်ချင်မ် ဘာဒမန်ခရိုင်ရှိ ကျောက်မီးသွေးတွင်း ပြိုကျခဲ့ခြင်းဖြစ်သည်။

**ပိတ်မိသူများရှိ**

ကျောက်မီးသွေးတွင်း ပြိုကျမှုကြောင့် သုံးဦးသေဆုံးခဲ့ပြီး ၎င်းတို့မှာ ဒေသခံများဖြစ်ကြသည်။ နောက်ထပ်ပျောက်ဆုံးနေသူများနှင့် ပိတ်မိနေသူများလည်း ရှိကြောင်း ရဲအရာရှိတစ်ဦးက ပြောသည်။

**ကယ်ဆယ်ရေးဆောင်ရွက်**

ပျောက်ဆုံးနေသူ ၁၀ ဦးဝန်းကျင်ရှိသည်ဟု ဒေသခံမီဒီယာများတွင် ဖော်ပြကြသည်။ ပိတ်မိနေသူများကို ကယ်တင်ရန် ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက် နေကြောင်းလည်း ရဲများက ပြောသည်။ **ဆင်ဟွာ**

# ပြင်သစ်နိုင်ငံ မြောက်ပိုင်း အာရာစ်မြို့၌ ကျောင်းဆရာတစ်ဦး အသတ်ခံရ

**ပါရီ အောက်တိုဘာ ၁၃**

ပြင်သစ်နိုင်ငံမြောက်ပိုင်း အာရာစ်မြို့ရှိ အထက်တန်းကျောင်းတစ်ကျောင်းတွင် အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက ဓားဖြင့်တိုက်ခိုက်ခံရမှုကြောင့် ဆရာတစ်ဦးသေဆုံးကာ အခြားလူအများအပြားဒဏ်ရာရရှိကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြသည်။

အဆိုပါ ဖြစ်စဉ်သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပြင်သစ်သတင်းရုပ်သံနှင့် ရေဒီယိုကွန်ရက် ဘီအက်ဖ်အမ်တီဗွီသတင်းတွင် ဖော်ပြသည်။

အာရာစ်မြို့ရှိ လိုင်စီးဂမ်ဘက်တာ အထက်တန်းကျောင်းတွင် ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်နှင့် ပတ်သက်၍ ရဲတပ်ဖွဲ့၏ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက် ပြစ်မှုကျူးလွန်သူကို ရဲက ဖမ်းဆီးထားကြောင်း ပြင်သစ်နိုင်ငံ ပြည်ထဲရေးဝန်ကြီး ဂျရယ်ဒါမာနင်က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် ပြောကြားသည်။

**ဆင်ဟွာ**

# အစ္စရေးနိုင်ငံရောက် ဂျပန်နိုင်ငံသားများအတွက် ကယ်ဆယ်ရေးလေယာဉ် စေလွှတ်မည်

**တိုကျို အောက်တိုဘာ ၁၃**

ပါလက်စတိုင်း စစ်သွေးကြွအဖွဲ့ ဟားမားစ်နှင့် ပဋိပက္ခများ ပြင်းထန်နေချိန်တွင် အစ္စရေးနိုင်ငံရောက် ဂျပန်နိုင်ငံသားများကို ကယ်ထုတ်ရန်အတွက် စင်းလုံးငှားလေယာဉ်တစ်စင်း စီစဉ်မည်ဟု ဂျပန်အစိုးရ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

စစ်ရေးတင်းမာမှုများ မြင့်တက်နေသည့်အတွက် အမေရိကန်နှင့် အခြားနိုင်ငံများက ၎င်းတို့၏ နိုင်ငံသားများကို နေရပ်ပြန်ပို့ရေးအစီအစဉ်များကို ဆောင်ရွက်လျက်ရှိသည်။ အစိုးရအဖွဲ့အတွင်းဝန်ချုပ် မတ်ဆူနိုဟီရိုကာဇုက အောက်တိုဘာ ၁၄ ရက်တွင် အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့မှ ဒူဘိုင်းသို့ ဦးတည်ပျံသန်းမည့် စင်းလုံးငှားလေယာဉ်ကို ဂျပန်အစိုးရက စီစဉ်ပေးမည်ဖြစ်ကြောင်း အောက်တိုဘာ ၁၃ ရက်တွင် သတင်းထောက်များကို ပြောကြားသည်။

ဂျပန်အစိုးရသည် သက်ဆိုင်ရာနိုင်ငံများ၏ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ဂျပန်နိုင်ငံသားများ၏ ဘေးကင်းလုံခြုံရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **အင်န်အိတ်ချ်ကေ**

# စားသုံးရန်မသင့်သော အစားအသောက်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက် အမှတ်စဉ် (စ-၂/ ၂၀၂၃)





ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံး နိုင်ရန် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အစားအသောက်များကို ဈေးများ၊ ကျောင်းမုန့်ဈေးတန်းများမှ ဝယ်ယူစစ်ဆေးရာ အောက်ဖော်ပြပါ အစားအသောက်များ၌ စားသုံးသူများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သော ခွင့်မပြုတာရှည်ခံဓာတုပစ္စည်းများ၊ ခွင့်မပြုဆိုးဆေးများ ပါဝင်မှုနှင့် ခွင့်ပြုအစားအသောက် ထပ်ဖြည့်ပစ္စည်းများအား သတ်မှတ်ပမာဏထက် ပိုမိုကျော်လွန်သုံးစွဲထားသည်တို့ကြောင့် အစားအသောက်များကို ရေရှည်စားသုံးမိပါက အစာအိမ်၊ အသည်း၊ ကျောက်ကပ်များ ပျက်စီးနိုင်ခြင်းနှင့် ကင်ဆာရောဂါများ ဖြစ်ပွားစေနိုင်ပါသဖြင့် ယခုဖော်ပြထားသော အစားအသောက်များကို နောက်ထပ်ကြေညာချက် ထုတ်ပြန်သည်အထိ စားသုံးခြင်းမပြုရန် အသိပေးအပ်ပါသည်။

အစားအသောက်ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသူများသည် အစားအသောက်တွင် သုံးစွဲရန်ခွင့်မပြုသော ဆိုးဆေးများ၊ ခွင့်မပြုတာရှည်ခံ ဓာတုပစ္စည်းများကို လုံးဝအသုံးမပြုရန်၊ ခွင့်ပြုအစားအသောက် ထပ်ဖြည့်ပစ္စည်းများကို သတ်မှတ်ပမာဏအတွင်းသာ အသုံးပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အမျိုးသားအစားအသောက် ဥပဒေပုဒ်မ ၂၈ (က) အရ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

**၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအတွင်း ဓာတ်ခွဲစစ်ဆေးခဲ့သော အစားအသောက်နမူနာများအနက်မှ စားသုံးရန်မသင့်ဟု စစ်ဆေးတွေ့ရှိသည့် အစားအသောက်နမူနာစာရင်း**

| စဉ် | အစားအသောက်အမျိုးအစား | အမှတ်တံဆိပ်နှင့်ထုပ်ပိုးပုံ အရွယ်အစား | စစ်ဆေးတွေ့ရှိမှု | လုပ်ငန်းလိပ်စာ | ပစ္စည်းနမူနာပုံစံ | ကောက်ယူခဲ့သည့်နေရာ |
|---|---|---|---|---|---|---|
| ၁။ | ပုန်းရည်ကြီးကြော် | ထူးကဲပို 240 g/Plastic bottle (Exp: 10-3-2023) | Yeast သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ | ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး။ |  | မကွေးတိုင်းဒေသကြီး၊ မကွေးမြို့မြို့ပေါ်ကုန်စုံဆိုင် |
| ၂။ | ရှောက်သီးပေါင်း | ဘုရင်မ -/ Cup | Sodium Cyclamate သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ | - |  | မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ မြို့ပေါ်ကုန်စုံဆိုင် |
| ၃။ | ဇယန်းအစပ်နှပ် | ဇယန်းပလောင် -/ Cup (Exp:12-4-2023) | Yeast သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ | မကွေးမြို့၊ မကွေးတိုင်းဒေသကြီး။ |  | မကွေးတိုင်းဒေသကြီး၊ မကွေးမြို့မြို့ပေါ်ကုန်စုံဆိုင် |
| ၄။ | သံပုရာပေါင်း | ချိုဝင်း 50 g/ Plastic Pack (Exp: 8-2023) | Benzoic acid နှင့် Sodium Cyclamate သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ | ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |  | မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ မြို့မဈေး |
| ၅။ | ဂျယ်လီ | Jelly Egg -/ Plastic Cup | Sodium Cyclamate သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ | - |  | မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ မြို့မဈေး |
| ၆။ | ဂျယ်လီ (အညိုရောင်) | Fruity 200ml/ Plastic cup | Sodium Cyclamate သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ | - |  | မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့၊ မြို့မဈေး |
| ၇။ | ဂျယ်လီ (အနီရောင်) | Fruity 200 ml/ Plastic cup | Sodium Cyclamate သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ | - |  | မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့၊ မြို့မဈေး |
| ၈။ | ဂျယ်လီ (အစိမ်းရောင်) | Fruity 200 ml/ Plastic cup | Sodium Cyclamate သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ | - |  | မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့၊ မြို့မဈေး |
| ၉။ | ယိုစုံ | ကောင်းထက်စံ -/ Plastic pack | Sodium Cyclamate သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ | - |  | မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့၊ မြို့မဈေး |
| ၁၀။ | ယိုစုံ | ရွှေမိ -/ Plastic pack | Sodium Cyclamate သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ | - |  | မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့၊ မြို့မဈေး |
| ၁၁။ | သံပုရာအချိုရည်အမှုန့် | ဘော့ (စ်) 10 g/ Plastic pack(Exp: 30-2-2024) | Sodium Cyclamate သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ | လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |  | မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့၊ မြို့မဈေး |
| ၁၂။ | လိမ္မော်အချိုရည်အမှုန့် | ဘော့ (စ်) 10 g/ Plastic pack(Exp: 30-2-2024) | Sodium Cyclamate သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ | လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |  | မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့၊ မြို့မဈေး |
| ၁၃။ | အားဖြည့်အချိုရည် | MR-POWER 220 ml/ Plastic Pack(Exp: 30-12-2023) | Benzoic acid သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |  | မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ မြို့ပေါ်ကုန်စုံဆိုင်များ |
| ၁၄။ | သစ်သီးယိုစုံ | ငွေငွေ -/ Plastic Pack | Sodium Cyclamate သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ | - |  | ရှမ်းပြည်နယ်၊ လားရှိုးမြို့၊ ဘုတာဈေး |
| ၁၅။ | ငရုတ်ဆော့ | စားဖိုမှူးစိတ်ကြိုက် -/ Plastic pack | Benzoic acid သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ | ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး။ |  | ရှမ်းပြည်နယ်၊ လားရှိုးမြို့၊ မြို့မဈေး |
| ၁၆။ | ရေသမမွှေယိုစုံ | မြတ် -/ Plastic Pack | Sodium Cyclamate သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ | - |  | ရှမ်းပြည်နယ်၊ လားရှိုးမြို့၊ ဘုတာဈေး |
| ၁၇။ | သစ်သီးယို | ရှမ်းမလေး -/ Plastic bottle | Sodium Cyclamate သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ | ကျောက်မဲမြို့၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)။ |  | ရခိုင်ပြည်နယ်၊ စစ်တွေမြို့ပေါ်ရှိဈေးဆိုင်များ |
| ၁၈။ | ဒီးစပ်လုံး | လှျာရှင်းမြက် 10 g x 6 Sachets / Plastic pack (Exp: 12-2023) | Benzoic acid သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ | အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ |  | ရခိုင်ပြည်နယ်၊ စစ်တွေမြို့ပေါ်ရှိဈေးဆိုင်များ |
| ၁၉။ | အရောင်တင်မှုန့် | - | ခွင့်မပြုဆိုးဆေး Sudan III ပါဝင်နေပါသည်။ | - |  | ကရင်ပြည်နယ်၊ ဘားအံမြို့၊ မြိုင်ကလေးဈေး/ သီရိဈေး |

# နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးစီးသည့်အဖွဲ့ ပျဉ်းမနားမြို့နယ် မရမ်းတောင်(အထက်)ကျေးရွာ၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်လက်ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၃**

နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ တောင်ပေါ်ကျေးရွာများအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်နေသော နေပြည်တော် ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးစီးသည့်အဖွဲ့သည် ယနေ့တွင် သစ်တွန်ကျေးရွာအုပ်စု မရမ်းတောင်(အထက်) ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်အဖွဲ့နှင့်အဖွဲ့သည် လေးအိမ်စုကျေးရွာနှင့် မရမ်းတောင်(အထက်) ကျေးရွာလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေး ပြင်ဆင်ဆောင်ရွက်နေမှုနှင့် အခြားလိုအပ်သည်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက်နေပြည်တော်ကောင်စီအဖွဲ့ဝင်သည် မရမ်းတောင်(အထက်)ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းသို့သွားရောက်၍ ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူများအနေဖြင့် စာပေကြိုးစားသင်ယူပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်သည့် လူတော်လူကောင်းများဖြစ်စေရန် ကြိုးစားပေးစေလိုကြောင်း မှာကြားကာ ကျောင်းသား ကျောင်းသူများအတွက် စားသောက်ဖွယ်ရာများ ဝေငှပေးသည်။



မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် မရမ်းတောင် (အထက်) ကျေးရွာရှိ ဓမ္မသပ္ပတိဝိဟာရကျောင်းတိုက်၌ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာခွဲတာဝန်ခံများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူလူထုတို့နှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် နေပြည်တော်ကောင်စီအဖွဲ့ဝင်က မိမိအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ပျဉ်းမနားမြို့နယ်အတွင်းရှိ တောင်ပေါ်ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရန် ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အလေးထားဆောင်ရွက်လျက်ရှိရာ တောင်ပေါ်ဒေသနေ ပြည်သူလူထု စာတတ်မြောက်ရေးအတွက်လည်း မိမိအနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ထို့ပြင် ကျေးရွာအတွင်းရှိ ကျောင်းသား ကျောင်းသူများအတွက် စာပေသင်ကြားရေးတွင် တစ်ဖက်တစ်လမ်းမှ အားဖြည့်ကူညီသင်ကြားပေးနေကြသော ၁၀ တန်း အောင်မြင်ပြီးသည့် လုပ်အားပေးဆရာ၊ ဆရာမများကိုလည်း ၎င်းတို့ဝါသနာပါရာ အဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ကြားပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ထို့ပြင် တောင်ပေါ်ဒေသများသည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်အတွက် ယင်းကဏ္ဍကိုလည်း အထူးအလေးထား ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူလူထုအနေဖြင့်လည်း ဒေသ၏ အဓိကလိုအပ်ချက်များကို ပွင့်လင်းစွာတင်ပြကြစေလိုကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးသည်လည်း အရေးကြီးသည့်အတွက် အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထု တစ်သားတည်းရှိပြီး ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် သစ်တွန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးစီးသည့်အဖွဲ့အနေဖြင့် သစ်တွန်ကျေးရွာအုပ်စုအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကျေးရွာများအရောက် သွားရောက်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် မရမ်းတောင်(အထက်) ကျေးရွာ ဓမ္မသပ္ပတိဝိဟာရကျောင်းတိုက် ဆရာတော် ဦးပညာသီရိအား ပူဇော်ကန်တော့၍ လှူဖွယ်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ကြရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ကျေးရွာသူ ကျေးရွာသားများနှင့် ကျောင်းသားကျောင်းသူများအား ပန်းခင်းစီမံချက်(၂)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးခြင်း၊ နေပြည်တော်ကုသရေးဦးစီးဌာနမှ နယ်လှည့်ဆေးကုသရေးအဖွဲ့မှ မရမ်းတောင်(အထက်)ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန၌ သံဃာတော်များနှင့် ကျေးလက်နေပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။ **သတင်းစဉ်**

❍ *ကျော့ဖုံးမှ*

အုပ်စု (B)၌ အာဖဂန်နစ္စတန်အသင်းက ခုနစ်မှတ်ဖြင့် အုပ်စုပထမ၊ ဆော်ဒီအာရေဗျအသင်းက ခြောက်မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု(C)၌ အီရန်အသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ ကာဂျစ္စတန်အသင်းက ခြောက်မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု(D)၌ ဗီယက်နမ်အသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ တောင်ကိုရီးယားအသင်းက ခြောက်မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု(E) ၌ တာဂျစ်ကစ္စတန်အသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ မြန်မာအသင်းက ခြောက်မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (F)၌ ကူဝိတ်အသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ ဘာရိန်းအသင်းက ခြောက်မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (G) ၌ ဥဇဘက်ကစ္စတန်အသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ အီရတ်အသင်းက ခြောက်မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (H) ၌ ဂျပန်အသင်းက ခြောက်မှတ်ဖြင့် အုပ်စုပထမ၊ ဩစတြေးလျအသင်းက သုံးမှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

ခြေစစ်ပွဲကျင်းပသည့်ပုံစံအရ အုပ်စုရှစ်ခုမှ ထိပ်ဆုံးရှစ်သင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံး ခုနစ်သင်း ခြေစစ်ပွဲအောင်မြင်ခြင်းဖြစ်ပြီး အုပ်စု (A) တွင် နှစ်သင်းသာရှိသဖြင့် အုပ်စုပထမနေရာရ တရုတ်အသင်း ခြေစစ်ပွဲအောင်မြင်ပြီး ကျန်အုပ်စုခုနစ်ခုမှ ဒုတိယနေရာရအသင်းများ ခြေစစ်ပွဲ အောင်မြင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ခြေစစ်ပွဲတွင် ပါလက်စတိုင်းအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ အိန္ဒိယအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရကာ တာဂျစ်ကစ္စတန်အသင်းကို သုံးဂိုးပြတ်အရေးနိမ့်ပြီး နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်ဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

နောက်ဆုံးအဆင့်ပြိုင်ပွဲကို ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ် ဧပြီ ၁၇ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ-MFF**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၁၀-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| 95 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (500 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (50 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (10 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၇၄ | ၁၉၄၅ |
| 95 Ron | ၁၉၇၀ | ၂၀၄၃ |
| HSD (500 ppm) | ၂၀၈၃ | ၂၁၅၄ |
| HSD (50 ppm) | ၂၁၉၄ | ၂၂၆၇ |
| HSD (10 ppm) | ၂၂၀၀ | ၂၂၇၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

❑ *ကျော့ဖုံးမှ*

စပိန်အသင်း အနိုင်ရရှိခဲ့ပါက စကော့တလန်အသင်းအနေဖြင့် ယူရို ၂၀၂၄ ခြေစစ်ပွဲ အောင်မည်ဖြစ်သည်။

ယခုပွဲစဉ်တွင် ပွဲချိန် မိနစ် ၆၀ ၌ စကော့တလန်အသင်းမှ အားထားရသည့် ကွင်းလယ်တိုက်စစ်ကစားသမား မက်တွန်မီနေး အလွတ်တည်ကန်ဘောမှ ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဗွီအေအာရ်က ပယ်ဖျက်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။

ပွဲချိန်အများစုကို စပိန်အသင်းကသာ ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးကန်သွင်းချက်အသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး စကော့တလန်အသင်းက ရံဖန်ရံခါမှသာ ထိုးဖောက်တိုက်စစ်ဆင်မှု ပြုလုပ်နိုင်ခဲ့သည်။

စပိန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၇၃ မိနစ်တွင် မိုရာတာနှင့် ပွဲချိန် ၈၆ မိနစ်တွင် ဆန်းဆက်တို့က သွင်းယူပေးနိုင်ခဲ့သည်။ ယခုပွဲစဉ်အနိုင်ရရှိမှုကြောင့် စပိန်အသင်းသည် ငါးပွဲကစားပြီး လေးပွဲနိုင် တစ်ပွဲရှုံးရလဒ်ဖြင့် ဒုတိယနေရာတွင် ရပ်တည်နေသည်။

စကော့တလန်အသင်းသည် လာမည့် အောက်တိုဘာ ၁၈ ရက်တွင် နာမည်ကြီး ပြင်သစ်အသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **အောင်ဇော်**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၃**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

**မိုး/ဇလ**

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဇီဝဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာသီတာဦး၊ ပါမောက္ခ(ဌာနမှူး) ရုက္ခဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

**၂၀၂၃-၂၀၂၄ ပညာသင်နှစ် စနစ်သစ် Grade 12 ဇီဝဗေဒဘာသာရပ်ကို လေ့လာသင်ယူနေကြတဲ့ ကျောင်းသား၊ ကျောင်းသူများအားလုံး စာမေးပွဲမှာ လွယ်ကူချောမောစွာဖြေဆိုနိုင်ကြဖို့ ရည်ရွယ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဇီဝဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကိုပို့ချသွားမယ့်သင်ခန်းစာဖြစ်ပါတယ်။ Grade 12 Biology Textbook မှာ ပါဝင်တဲ့ အခန်း ၁ မှ ၆ အထိပြဋ္ဌာန်းထားသော သင်ခန်းစာများအလိုက် စာမေးပွဲမေးခွန်းပုံစံသစ်နဲ့အတူဖော်ပြသွားမှာ ဖြစ်ပါတယ်။ Grade 12 Biology Textbook မှာ ပါဝင်တဲ့အကြောင်းအရာများအားလုံးဟာ ဇီဝဗေဒဘာသာရပ်နဲ့ ပတ်သက်ပြီး သိရှိရမယ့်အချက်များကို ပြဋ္ဌာန်းထားတာဖြစ်တဲ့အတွက် သေချာကျေညက်အောင် လေ့လာကျက်မှတ်ခြင်းအားဖြင့် မေးခွန်းအားလုံးကို အခက်အခဲမရှိဘဲ ချောချောမောမောဖြင့် ထူးချွန်အောင်မြင်စွာဖြေဆိုနိုင်ကြမှာဖြစ်ပါတယ်။**

Grade 12 ဇီဝဗေဒဘာသာရပ်ရဲ့မေးခွန်းပုံစံတွင် Section– A နှင့် Section– B နှစ်ပိုင်းအတွက် မေးခွန်းအမှတ်စဉ် (Question No. 1– 5) စုစုပေါင်း (၅) ခု ပါဝင်ပြီး အမှတ်ခွဲဝေမှုမှာ Section– A အတွက် (၃၀) မှတ်၊ Section– B အတွက် (၇၀) မှတ်ဖြစ်ပြီး ဇယားဖြင့် ဖော်ပြထားပါတယ်။

| | | | | |
|---|---|---|---|---|
| Section - A | | | | |
| 1. | TRUE or FALSE | 1 mark each | 10 statements | 10 marks |
| 2. | Completion | 1 mark each | 10 statements | 10 marks |
| 3. | Multiple Choice | 1 mark each | 10 statements | 10 marks |
| Section - B | | | | |
| 4. | Short Questions | 5 marks each | 6 questions | 30 marks |
| 5. | Long Questions | 10 marks each | 4 out of 6 questions | 40 marks |

ဇီဝဗေဒဘာသာရပ်ရဲ့ မေးခွန်းပုံစံကို လေ့လာမယ်ဆိုရင်– Section – A မှာပါဝင်တဲ့ မေးခွန်းနံပါတ် (၁)၊ (၂) နဲ့ (၃) မှာ လုံးဝရွေးချယ်ပိုင်ခွင့်မရှိပါဘူး။ မေးခွန်းနံပါတ် (၁) တွင် အမှား (သို့မဟုတ်) အမှန်ဖြေဆိုခြင်း (TRUE or FALSE) မေးခွန်းပုဒ်ခွဲငယ် (၁၀) ခု (i – x) အတွက် တစ်ခုလျှင် တစ်မှတ်စီဖြင့် ပေးမှတ် (၁၀) မှတ် ဖြစ်ပါတယ်။ TRUE or FALSE statements ဖော်ပြချက်တွေဟာ Grade 12 Biology မှာ ပြဋ္ဌာန်းထားတဲ့ အကြောင်းအရာများအပေါ် နားလည်သဘောပေါက်မှုကို ဦးစားပေးမေးထားတာဖြစ်ပြီး ကောက်နုတ်ထားတဲ့ Statement များအနေနဲ့ ဖတ်စာအုပ်မှ တိုက်ရိုက်ကောက်နုတ်ထားတာရှိသလို Own construction နဲ့ မေးထားတဲ့ statement များလည်း ရှိမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ် 1. TRUE or FALSE statements ကို ဖြေဆိုဖို့ Statement ဟာ အားလုံးမှန်ကန်ပြီး မိမိသိရှိထားတဲ့ အကြောင်းအရာနဲ့ ကိုက်ညီရင် TRUE ဖြစ်ပြီး ကွဲလွဲမှုရှိရင် FALSE ဖြစ်ကာ all capital letter နဲ့ ရေးလျှင် ပိုကောင်းပါတယ်။ သို့သော်မည်သို့ပင်ဖြေဖြေ အဖြေမှန်လျှင်အမှတ်ရမည်ဖြစ်ပြီး အဖြေနှစ်မျိုးရေးခဲ့လျှင် လုံးဝအမှတ်မပေးပါ။

မေးခွန်းနံပါတ် (၂) ကွက်လပ်ဖြည့်ခြင်း (Completion) တွင် မေးခွန်းပုဒ်ခွဲငယ် (၁၀) ခု (i – x) အတွက် တစ်ခုလျှင် တစ်မှတ်စီဖြင့် ပေးမှတ် (၁၀) မှတ် ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၂) ရဲ့ Completion statement များအတွက် ကွက်လပ်ချန်ထားတဲ့နေရာမှာ မှန်ကန်တဲ့ အဖြေ စကားလုံး (Word)ကို စာလုံးပေါင်း (Spelling) မှန်မှန်နဲ့ဖြေဆိုပေးရမှာ ဖြစ်တယ်။ ဖြည့်စွက်မယ့် အဖြေစကားလုံးရဲ့ Tense ကို ဂရုစိုက်ဖို့လိုသလို သိပ္ပံအမည်များ (Scientific name) ကို ရေးသားဖော်ပြခိုင်းရင်တော့ မျိုးစု (Genus) ဖြစ်ခဲ့လျှင် အစစာလုံးကို Capital letter နဲ့ စရေးပြီး မျဉ်းသားပေးဖို့လိုအပ်ပါတယ်။ စာလုံးပေါင်းများကိုလည်း သတိထားပြီးရေးသားကျက်မှတ်ရပါမယ်။

မေးခွန်းနံပါတ် (၃) အဖြေမှန်ရွေးချယ်ခြင်း (Multiple Choice) တွင် မေးခွန်းပုဒ်ခွဲငယ် (၁၀) ခု (i – x) အတွက် တစ်ခုလျှင် တစ်မှတ်စီဖြင့် ပေးမှတ် (၁၀) မှတ် ဖြစ်ပါတယ်။ မေးခွန်းနံပါတ် 3. Multiple Choice ဖြေဆိုရာမှာ အဖြေမှန် (Correct answer) ကို ရွေးချယ်ရန်စကားလုံး (၄) လုံး (A, B, C, D) ထဲက တစ်လုံးကို ပုဒ်ခွဲငယ်နံပါတ်နဲ့အတူဖော်ပြဖြေဆိုရမှာဖြစ်တယ်။ နောက်ကစကားလုံးကို ရေးစရာမလိုပါ။

မေးခွန်းနံပါတ် (၁) (၂) (၃) Objectives မေးခွန်းတွေ ဖြေဆိုရာမှာ စာကြောင်း (Statements) များကို ပြန်ကူးရေးစရာ မလိုပါဘူး။ Objectives Statements (၃၀) ကို မှန်ကန်အောင် ဖြေဆိုနိုင်ဖို့ကတော့ ကျောင်းသား၊ ကျောင်းသူများအနေနဲ့ သင်ရိုးပါအကြောင်းအရာတွေကို နှုတ်တိုက်ကျက်မှတ်မယ့်အစား အကြောင်းအရာရဲ့အနှစ်သာရကိုအဓိပ္ပာယ်ရှိစွာနဲ့ ဆက်စပ်တွေးခေါ်ပြီး သဘောပေါက်နားလည်အောင် မှတ်သားထားမှသာ လွယ်လင့်တကူဖြေဆိုနိုင်မှာ ဖြစ်တယ်။ Objectives မေးခွန်းတွေဟာ နားလည်သဘောပေါက်မှုနဲ့ စဉ်းစားတွေးခေါ်ယူဆမှုကို အခြေခံတဲ့အတွက် သေချာလေ့လာမှတ်သားဖို့လိုတယ်။ အဓိကပါဝင်တတ်တဲ့ မေးခွန်းတွေက ပြဋ္ဌာန်းစာအုပ်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက် (Definition) များနှင့် Statements များဖြစ်တယ်။ ရွေးချယ်ဖြေဆိုစရာမရှိတဲ့အတွက် အမှတ်ပြည့်ရလိုသူများအနေနဲ့ Grade 12 Biology ပြဋ္ဌာန်းစာအုပ်တစ်အုပ်လုံးကို ခြုံငုံလေ့လာဖတ်ရှုထားဖို့လိုပါမယ်။ မေးခွန်းနံပါတ် 1, 2 နှင့် 3 Objectives မေးခွန်းမျိုးကို ဖြေတဲ့အခါ ပထမဆုံးဆင့်ပွားမေးခွန်းငယ်နံပါတ်များအား မှားတပ်ခြင်းနှင့် နံပါတ်ပိုခြင်း၊ လိုခြင်းမရှိစေရန် ဂရုစိုက်ဖို့ နဲ့ နံပါတ်ရေးချပြီးမှ Statements များကို သေချာစွာဖတ်ရှုပြီး မိမိအနေဖြင့်သေချာတဲ့ အဖြေများကို သက်ဆိုင်ရာနံပါတ်ဘေးမှာဖြေဆိုဖို့လိုအပ်ပါတယ်။

Grade 12 ဇီဝဗေဒဘာသာရပ်၊ မေးခွန်းပုံစံရဲ့ Section – B မှာ မေးခွန်းနံပါတ် (၄) (Short questions) နဲ့ မေးခွန်းနံပါတ် (၅) (Long question) တွေ ပါဝင်မှာဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၄) အတွက် (Answer ALL questions) မေးခွန်းအားလုံးကို ဖြေဆိုရမှာဖြစ်ပြီး လုံးဝရွေးချယ်ပိုင်ခွင့်မရှိပါဘူး။ မေးခွန်းနံပါတ် (၄)တွင် မေးခွန်းပုဒ်ခွဲငယ် (၆) ပုဒ် (a – f) အတွက် ပုဒ်ခွဲငယ်တစ်ခုလျှင် ငါးမှတ်စီဖြင့် ပေးမှတ် (၃၀) မှတ် ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၄) မေးခွန်းတိုဖြေဆိုရာမှာ မေးခွန်းတွေကိုသေချာစွာဖတ်ရှုပြီး တိုတိုနဲ့ လိုရင်းကိုသာ ဖြေဆိုရမှာဖြစ်သဖြင့် မေးခွန်းကမေးထားတဲ့ အဖြေပေါ်မူတည်၍ ကိုက်ညီမှန်ကန်မှုရှိသည့် ဖြေဆိုမှုပြုလုပ်နိုင်ရန် လိုအပ်ပြီး သို့မှသာလျှင် အမှတ်ပြည့်ရရှိနိုင်မှာ ဖြစ်ပါတယ်။

Section – B ၏ မေးခွန်းနံပါတ် (၅) (Long question) တွင် (Answer any FOUR questions) ဟူ၍ ရွေးချယ်ပိုင်ခွင့်ရှိသည့် မေးခွန်းပုဒ်ခွဲငယ် (၆) ပုဒ် (a – f) မေးထားပြီး နှစ်သက်ရာ (၄) ပုဒ်အား ရွေးချယ်ဖြေဆိုရမှာဖြစ်ပါတယ်။ မေးခွန်းရှည် (Long question) မှာ ဘာသာရပ်ဆိုင်ရာ တတ်ကျွမ်းနားလည်မှုကို ဖြေဆိုရမှာဖြစ်ပြီး ဆက်လက်လေ့လာမည့်အဆင့်မြင့်ဘာသာရပ်များကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ပါတယ်။ မေးခွန်းနံပါတ် (၅)မှာ ရွေးချယ်ဖြေဆိုပိုင်ခွင့်ရှိတဲ့ မေးခွန်းမျိုးကို ဖြေဆိုရာတွင် မိမိကျွမ်းကျင်စွာဖြေဆိုနိုင်မယ့်၊ အမှတ်ပြည့်ရနိုင်မယ့် မေးခွန်းမျိုးကို ရွေးချယ်ဖြေဆိုကြရန်နှင့် မေးခွန်းအရွေးမမှားစေဖို့ အထူးသတိပြုကြရန် အရေးကြီးပါတယ်။

Grade 12 ဇီဝဗေဒဘာသာရပ်ရဲ့မေးခွန်းပုံစံသစ်တွင် Section– A မှာ ပါဝင်တဲ့ မေးခွန်းနံပါတ် (၁) (၂) (၃) နှင့် Section – B မှာပါဝင်တဲ့ မေးခွန်းနံပါတ် (၄) (၅) တို့ဖြင့် စုစုပေါင်း ငါးပုဒ် (Question No. 1– 5) ပါရှိမှာဖြစ်ပါတယ်။ မေးခွန်းဖွဲ့စည်းတည်ဆောက်ရာတွင် Grade 12 Biology Textbook ပြဋ္ဌာန်းစာအုပ်မှ အခန်း ၁ မှ ၆ (Chapter 1 – 6) အထိပါဝင်တဲ့ရုက္ခဗေဒနှင့် သတ္တဗေဒဘာသာရပ်များမှ အကြောင်းအရာများအား မေးခွန်းအမှတ်စဉ် (Question No. 1 – 5) များအတွက် Chapter အစဉ်လိုက်သော်လည်းကောင်း၊ Chapter အစဉ်လိုက်မဟုတ်ဘဲသော်လည်းကောင်း မေးခွန်းတည်ဆောက်နိုင်ပါတယ်။ မေးခွန်းများသည် ကျောင်းသား၊ ကျောင်းသူများအတွက် သင်ယူခြင်းနဲ့ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဝေဖန်ပိုင်းခြားတွေးခေါ်ခြင်းနဲ့ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးမှုနဲ့ ဆန်းသစ်မှုအရည်အသွေးများ ကောင်းမွန်မြင့်မားမှုကို ဦးတည်၍ လွယ်ကူလွန်းခြင်း၊ ခက်ခဲလွန်းခြင်း မရှိစေဘဲ ကျောင်းသား၊ ကျောင်းသူများ၏ အရည်အချင်းအလိုက် လျော်ညီစွာဖြေဆိုနိုင်မည့် မေးခွန်းများဖြင့် ဖွဲ့စည်းတည်ဆောက်ရမှာ ဖြစ်ပါတယ်။

Grade 12 ဇီဝဗေဒဘာသာရပ်သင်ရိုးမှာပါတဲ့ သင်ခန်းစာများကို လေ့လာကြည့်ရင် အခန်း ခြောက်ခန်း (Chapter 1 – 6) ပါဝင်ပါတယ်။ အခန်း (၁) Chapter 1 INTRODUCTION TO BIOLOGY တွင် THEMES OF BIOLOGY ၌ ဇီဝဗေဒကို ကျယ်ပြန့်စွာ ပိုင်းခြားထားသော အဓိက အကြောင်းအရာငါးခု (Themes 1– 5) နှင့် IMPORTANCE OF BIOLOGY IN DAILY LIFE လူတို့၏ နေ့စဉ်ဘဝတွင် ဇီဝဗေဒ၏အရေးပါမှုနှင့်စပ်လျဉ်း၍ လူတို့၏အသက်ရှင်ရပ်တည်မှုတွင် အဓိကကျသော စားနပ်ရိက္ခာအရင်းအမြစ်များအတွက် စိုက်ပျိုးရေး (Agriculture, Horticulture and Hydroponic Culture)၊ မွေးမြူရေး (Aquaculture and Livestock)၊ ကျန်းမာရေးနှင့် ဆေးဝါးအသုံးပြုခြင်း (Health and Medicine)၊ လူတို့၏ အသက်ရှင်သန်မှုအတွက် အစားအစာ (Food)၊ ကျန်းမာသောနေထိုင်မှုဘဝအတွက် အဝတ်အထည်နှင့် အမိုးအကာပြုလုပ်ရာတွင် အသုံးပြုသည့် အပင်များနှင့်ဆက်စပ်နေသည့် လုပ်ငန်းများ (Clothing and Shelter) စသည့် အကြောင်းအရာများကို လေ့လာကြရမှာ ဖြစ်ပါတယ်။

အခန်း (၂) Chapter 2 MOLECULAR BIOLOGY ၏ INTRODUCTION TO MOLECULAR BIOLOGY ၌ သက်ရှိဆဲလ်အားလုံးတွင် မရှိမဖြစ် ပါဝင်သည့် DNA (Deoxyribonucleic acid) နှင့် RNA (Ribonucleic acid) တည်ဆောက်ဖွဲ့စည်းပုံ၊ DNA ၏ အခန်းကဏ္ဍနှင့် ၎င်း၏ပုံတူပွားခြင်း သဘောသဘာဝ၊ GENETIC CODE မျိုးရိုးဗီဇဝှက်၊ PROTEIN SYNTHESIS သက်ရှိဆဲလ်အတွင်း ပရိုတင်းပေါင်းစပ်ဖွဲ့စည်းခြင်းဖြစ်စဉ်နှင့် ပါဝင်သောလုပ်ငန်းစဉ်များ၊ SOME TECHNIQUES IN MOLECULAR BIOLOGY အပင်နှင့်တိရစ္ဆာန်အား မျိုးရိုးဗီဇဆိုင်ရာပြုပြင်ထားသော မော်လီကျူးဇီဝဗေဒဆိုင်ရာနည်းပညာအကြောင်းအရာများကို စိတ်ဝင်စားဖွယ် လေ့လာကြရမှာ ဖြစ်ပါတယ်။

အခန်း (၃) Chapter 3 TRANSPORT SYSTEM IN ORGANISMS ရှိ TRANSPORT SYSTEM IN PLANTS အပင်များရှိသယ်ယူပို့ဆောင်ရေးစနစ်တွင် သယ်ယူပို့ဆောင်ရေး တစ်ရှူးများ (xylem နှင့် phloem) တည်ဆောက်ပုံများ၊ TRANSPORT MECHANISMS IN PLANTS အပင်တစ်ပင်တွင် အစာ၊ ရေနှင့် inorganic ions များကို ပို့ဆောင်ပေးသည့် လုပ်ငန်းယန္တရား၊ TRANSPIRATION ပင်ငွေ့ပျံ့ခြင်းတွင် Factors Affecting Transpiration ပင်ငွေ့ပျံ့ခြင်းအပေါ် သက်ရောက်သည့် အချက်များ၊ Benefits of Transpiration ပင်ငွေ့ပျံ့ခြင်းအကျိုးကျေးဇူးများ၊ Demonstration of Transpiration Pull ပင်ငွေ့ပျံ့ခြင်းအား သရုပ်ဖော်ပြသခြင်းနှင့် TRANSLOCATION အပင်များတွင် အစာအာဟာရ၊ ရေနှင့်ပျော်ဝင်ပစ္စည်းများ ရွေ့လျားရွေ့ပြောင်းခြင်းဖြစ်စဉ် အကြောင်းအရာများကို လေ့လာကြရမှာဖြစ်ပါတယ်။ ဆက်လက်၍ TRANSPORT SYSTEM IN ANIMALS တိရစ္ဆာန်များရှိ သယ်ယူပို့ဆောင်ရေးစနစ်တွင် Principles of Circulation တိရစ္ဆာန်များရှိ သွေးလည်ပတ်မှုစနစ်သည် အစုလိုက်သယ်ယူပို့ဆောင်ရေး (mass transport) ပုံစံဖြစ်ပြီး အရာဝတ္ထုများကို ခန္ဓာကိုယ်အနှံ့အရည်စီးဆင်းမှုပုံစံယန္တရားအသွင်ဖြင့် ပို့ဆောင်ပေးသည့် အစီအစဉ်ဖြစ်ပါတယ်။ The Need for Transport ခန္ဓာကိုယ်အနှံ့ သယ်ယူပို့ဆောင်ရာတွင် လိုအပ်ချက်များ၊ Features of Mass Transport System ခန္ဓာကိုယ်တစ်လျှောက်ရှိ အရာဝတ္ထုများကို ရွှေ့ပြောင်းရန် ထိရောက်မှုရှိသည့် Mass Transport System ၏ လက္ခဏာရပ်များကို လေ့လာကြရမှာဖြစ်ပါတယ်။ CIRCULATORY SYSTEM သွေးလည်ပတ်မှုစနစ်တွင် စနစ်အမျိုးအစားနှစ်မျိုး Open circulatory system (အဖွင့်သွေးလည်ပတ်မှုစနစ်)နှင့် Closed circulatory system (အပိတ်သွေးလည်ပတ်မှုစနစ်) အဓိကနှစ်မျိုးရှိပြီး CARDIOVASCULAR SYSTEM IN MAMMALS နို့တိုက်သတ္တဝါများ၏ နှလုံးသွေးလည်ပတ်မှုတွင် သွေးကြောများမှတစ်ဆင့် သွေးများရွေ့လျားနိုင်ရန် ရေပန့်စက်ကဲ့သို့ ဆောင်ရွက်ပေးသည့် နှလုံး၏ ဖွဲ့စည်းတည်ဆောက်ပုံ The Structure of the Heart, The Blood Vessels သွေးလွှတ်ကြော၊ သွေးပြန်ကြော၊ ဆံချည်မျှင်သွေးကြောများ၊ The components of the Blood သွေးတွင်းပါဝင်ပစ္စည်းများ၊ The Clotting of the Blood ထိခိုက်ဒဏ်ရာရသည့်နေရာမှာ သွေးများစုပုံလာ၍ သွေးတိတ်စေသောဖြစ်စဉ်၊ The Cardiac Cycle နှလုံးခုန်ခြင်းဖြစ်စဉ်၊ Control of Heart Beat နှလုံးခုန်နှုန်းအား ထိန်းချုပ်ခြင်း အကြောင်းအရာများနဲ့ LYMPHATIC SYSTEM ဆံချည်မျှင်သွေးကြောများနှင့် ဆဲလ်များအကြားတွင်ရှိသော တစ်ရှူးရည်၏ အခန်းကဏ္ဍ စသည့် အကြောင်းအရာများကို စိတ်ဝင်စားဖွယ် လေ့လာကြရမှာ ဖြစ်ပါတယ်။

အခန်း (၄) Chapter 4 DISEASES IN PLANTS AND ANIMALS တွင် PLANT DISEASES အပင်ရောဂါများ၌ အပင်ရောဂါကို အများအားဖြင့် ပုံမှန်မဟုတ်သော ကြီးထွားမှုနှင့် သို့မဟုတ် အပင်၏ ကမောက်ကမ ဖြစ်မှုအဖြစ် သတ်မှတ်၍ Biotic diseases များသည် သက်ရှိများ (ဥပမာ– မှို၊ ဗက်တီးရီးယားနှင့် ဗိုင်းရပ်စ်များ) ကြောင့် ဖြစ်သည့် အပင်ရောဂါအမျိုးအစားများနှင့် Abiotic diseases များသည် သက်ရှိမဟုတ်သော ပတ်ဝန်းကျင်အခြေအနေများ (ဥပမာ– မြေဆီလွှာကျုံ့ခြင်း၊ လေ၊ နှင်းခဲ၊ မြေဆီလွှာဆားများပျက်စီးခြင်း) ကြောင့် ဖြစ်သည့် အပင်ရောဂါအမျိုးအစားများ၊ Disease Causing Factors ရောဂါဖြစ်စေသော အကြောင်းအရင်းများ၊ အပင်ရောဂါများ၏

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

Signs and Symptoms, Types of Pathogens အပင်ရောဂါပိုးအမျိုးအစားများ နှင့် Control of Plant Diseases အပင်များတွင် ကျရောက်သော ရောဂါပိုးမွှားများကို ထိန်းချုပ်ခြင်းများအား ကဏ္ဍအလိုက် သင်ကြားကြရမှာဖြစ်ပါတယ်။ ANIMAL DISEASES ရောဂါ ဆိုသည်မှာ ကျန်းမာရေးညှိုးဖျင်းစေသော ခန္ဓာကိုယ်(သို့မဟုတ်) စိတ်၏နာမကျန်းမှု (သို့) ချို့ယွင်းမှုတစ်ခုဖြစ်သည်။ ANIMAL DISEASE များကို မကူးစက်နိုင်သောရောဂါအမျိုးအစားများ Non–infectious Diseases နှင့် ကူးစက်နိုင်သောရောဂါအမျိုးအစားများ Infectious Diseases ဟု ခွဲခြားနိုင်သည်။ မကူးစက်နိုင်သော ရောဂါအမျိုးအစားများ Non–infectious Diseases တွင် နှလုံးသွေးကြောဆိုင်ရာ ရောဂါကာကွယ်ခြင်းနှင့် ကုသခြင်းဆိုင်ရာအကြောင်းအရာများ ပါဝင်ကြပါတယ်။ ကူးစက်နိုင်သော ရောဂါအမျိုးအစားများ Infectious Diseases နှင့် နမူနာအဖြစ် ငှက်ဖျားပိုး Plasmodium ကူးစက်ခြင်း၊ ငှက်ဖျားပိုး၏ ဇီဝစက်ဝန်း Life cycle of Plasmodium, ငှက်ဖျားရောဂါ ကုသခြင်း၊ ကာကွယ်ခြင်း၊ ကမ္ဘာ့တစ်ဝန်းငှက်ဖျားရောဂါ ထိန်းချုပ်မှုအကြောင်းအရာများကို စိတ်ဝင်စားဖွယ်လေ့လာ သင်ကြားကြရမှာဖြစ်ပါတယ်။

အခန်း (၅) Chapter 5 COORDINATION AND RESPONSE သည် အပင်နှင့် တိရစ္ဆာန်များတွင် "ပေါင်းစပ်ညှိနှိုင်းမှုနှင့် တုံ့ပြန်မှုများ" နှင့်သက်ဆိုင်သည့် အကြောင်းအရာများပါဝင်ပြီး COORDINATION AND RESPONSE IN PLANTS အပင်၏ အစိတ်အပိုင်းများအကြား ပေါင်းစပ်ညှိနှိုင်းမှုနှင့် တုံ့ပြန်မှုအပြန်အလှန်အကျိုးသက်ရောက်ပုံ အကြောင်းအရာများကို စိတ်ဝင်စားဖွယ် လေ့လာကြရမှာဖြစ်ပြီး PLANT GROWTH AND DEVELOPMENT အပင်ကြီးထွားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု၌ Plant Growth Regulators အပင်ကြီးထွားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု၏ ရှုထောင့်အမျိုးမျိုးကို ထိန်းချုပ်သည့် အပင်ဟော်မုန်း၏ အဓိကအမျိုးအစား ငါးမျိုးရှိတယ်။ Auxins, gibberellins, cytokinins, ethylene နှင့် abscisic acid တို့ဖြစ်ကြတယ်။ ဤဟော်မုန်းတစ်ခုစီဟာ အပင်ကြီးထွားမှုနှင့် ဖွံ့ဖြိုးမှုအပေါ် တိကျသောအကျိုးသက်ရောက်မှုများရှိကြတယ်။ Seed Dormancy အစေ့ငုတ်ခြင်း၊ Seed Germination အစေ့ပေါက်ခြင်းနှင့် အမျိုးအစား (၃) မျိုး၊ Photoperiodism ပန်းပွင့်စေရန် အပင်မှ လိုအပ်သော အလင်းနှင့် အမှောင်၏ကာလနှင့် အလင်းကာလပေါ်မူတည်၍ အပင်အမျိုးအစား (၃) မျိုး ခွဲခြားခြင်း၊ Photomorphogenesis အပင်များ ကြီးထွားပြီး အလင်းရောင်ကို တုံ့ပြန်သည့် ဖြစ်စဉ်နှင့် အရေးပါပုံ စသည့်အကြောင်းအရာများကို စိတ်ဝင်စားဖွယ်လေ့လာကြရမှာဖြစ်ပါတယ်။

COORDINATION AND RESPONSE IN ANIMALS တိရစ္ဆာန်များတွင် ညှိနှိုင်းခြင်းနှင့် တုံ့ပြန်မှုအပိုင်းမှာ ပတ်ဝန်းကျင်နှင့် အမူအကျင့်များကို တုံ့ပြန်ပြီးညှိနှိုင်းနိုင်စွမ်းသည် အသက်ရှင်ရပ်တည်မှုအတွက် အရေးကြီးပြီး တိရစ္ဆာန်များကို ပြောင်းလဲနေသော အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်နိုင်စေပြီးလျှင် Human Nervous System အာရုံကြောစနစ် တည်ဆောက်ပုံ၊ Structure of Neurones မတူညီသော Neurones အမျိုးအစားများနှင့် ၎င်းတို့၏ လုပ်ငန်းဆောင်တာများ၊ Synapses ၏ တည်ဆောက်ပုံနှင့် လုပ်ဆောင်ချက်များ၊ SENSE ORGANS သက်ရှိများ အသက်ရှင်ရပ်တည်နိုင်ရန် ပတ်ဝန်းကျင်၏ ပြောင်းလဲမှုများကို သိရှိပြီး သင့်လျော်စွာ တုံ့ပြန်ရမည်ဖြစ်ပြီး အပြောင်းအလဲများကို ထောက်လှမ်းရန် လူသားများနှင့် အခြားသက်ရှိများတွင် ဖြစ်ပေါ်လာသည့်၊ လွန်စွာမြင့်မားသည့် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာနှင့် အရေပြားတို့ကဲ့သို့သော အာရုံခံအင်္ဂါများမှ Structure of human eye and mechanism of vision လူ့မျက်လုံးဖွဲ့စည်းပုံနှင့် အမြင်အာရုံဆိုင်ရာယန္တရား၊ THE ENDOCRINE SYSTEM ၌ Endocrine glands Hormones လူ့ခန္ဓာကိုယ်ရှိ endocrine ဂလင်းများ၏ တည်နေရာနှင့် ဟော်မုန်းများ၏ အခန်းကဏ္ဍ၊ Comparison between Nervous System and Endocrine System လူ့ခန္ဓာကိုယ်ရှိ အာရုံကြောစနစ်နှင့် endocrine စနစ်အကြား နှိုင်းယှဉ်လေ့လာမှုဇယား စသည့်ခေါင်းစဉ်များဖြင့် စိတ်ဝင်စားဖွယ်လေ့လာကြရမှာ ဖြစ်ပါတယ်။

အခန်း (၆) Chapter 6 BIODIVERSITY AND CONSERVATION မှာ ဤစာအုပ်၏ နောက်ဆုံးအခန်းဖြစ်ပြီး ဇီဝမျိုးစုံမျိုးကွဲများနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးအကြောင်းဖြစ်၍ သဘာဝတွင် ဇီဝမျိုးစုံမျိုးကွဲများသည် အဘယ်ကြောင့် အရေးကြီးရသနည်းဆိုသည့် အကြောင်းအရာ၊ အချက်အလက်များကို သေချာစွာလေ့လာကြရမှာဖြစ်ပါတယ်။ ဇီဝမျိုးစုံမျိုးကွဲတွင် 'ဇီဝ – Bio' ဟူသည်သက်ရှိနှင့် 'အမျိုးအစားကွဲပြားခြားနားမှု Diversity' ဟူသည့် စကားလုံးနှစ်လုံးမှလာပြီး 'ဇီဝမျိုးစုံမျိုးကွဲ' ဟူသော အသုံးအနှုန်းကို Walter G. Rosen မှ ၁၉၈၅ ခုနှစ်တွင် စတင်တီထွင်သုံးနှုန်းခဲ့တာဖြစ်သော်လည်း ယခုအခါ 'ဇီဝမျိုးစုံမျိုးကွဲများ၏ဖခင်' အဖြစ် လူသိများသည့် Edward O. Wilson ကြောင့် ပိုမိုထင်ရှားလာတာ ဖြစ်ပါတယ်။ ဇီဝမျိုးစုံမျိုးကွဲများ ဟန်ချက်ညီစွာ ရှင်သန်ကြီးထွားပေါက်ပွားနိုင်မှုကို ထိန်းသိမ်းစောင့်ရှောက်ပေးခြင်းသည် သက်ရှိများ၏ ဘဝရှင်သန်နေထိုင်မှုနှင့် သဘာဝဂေဟစနစ် နှစ်ခုလုံးတွင် အရေးပါသောအခန်းကဏ္ဍမှာ ပါဝင်ပါတယ်။ Levels of Biodiversity ဇီဝမျိုးစုံမျိုးကွဲများ၏ မတူညီသောအဆင့်များ၊ Importance of Biodiversity ဇီဝမျိုးစုံမျိုးကွဲများ၏ အရေးပါမှု၊ Biodiversity in Myanmar တွင် Forest Diversity မြန်မာနိုင်ငံရှိ သစ်တောအမျိုးအစားများနှင့် Endangered Species မျိုးသုဉ်းလုနီးပါး ဇီဝမျိုးစိတ်များ၊ THREATS TO BIODIVERSITY ဇီဝမျိုးစုံမျိုးကွဲမျိုးစိတ်များအား မျိုးသုဉ်းလုနီးပါး ခြိမ်းခြောက်ခံနေရသော အကြောင်းတရားများ၌ Habitat Destruction ဇီဝမျိုးစုံမျိုးကွဲများ၏ နေထိုင်ရာများပျက်စီးခြင်း၊ Invasive Alien Species (IAS) ဒေသရင်းမဟုတ်သောမျိုးစိတ်များ ဝင်ရောက်လာခြင်း၊ Genetic Pollution ဗီဇညစ်ညမ်းမှုဖြစ်ခြင်း (ဥပမာ–မျိုးစပ်ခံရခြင်း၊ မျိုးရိုးဗီဇရောယှက်ခြင်း)၊ Overexploitation ဇီဝမျိုးစုံမျိုးကွဲမျိုးစိတ်များအား အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်း၊ Climate Change ထိုသို့အလွန်အကျွံထုတ်ယူသုံးစွဲခြင်း အကျိုးဆက်ကြောင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲလာခြင်း၊ Human Overpopulation လူဦးရေတိုးမြင့်လာခြင်း၊ ထူထပ်လာခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု၊ အဆင်မပြေမှုများဖြစ်ပေါ်လာခြင်း၊ Wildlife Trade သဘာဝတောရိုင်းသက်ရှိများနှင့် ၎င်းတို့မှ ထုတ်လုပ်သောပစ္စည်းများကို တရားမဝင်ရောင်းဝယ်ခြင်း၊ CONSERVATION ကမ္ဘာမြေ၏ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အမျိုးမျိုးသော အစီအမံများနှင့် နည်းလမ်းများ၊ In situ နှင့် ex situ ထိန်းသိမ်းရေးနည်းလမ်းများအကြောင်း အသိပညာပေးမြှင့်တင်ခြင်းနှင့် မြန်မာနိုင်ငံတွင် တည်ထောင်ထားသော သဘာဝထိန်းသိမ်းရေးနယ်မြေများ၏ အမျိုးအစားနှင့် တည်နေရာများကို ကဏ္ဍအလိုက် စိတ်ဝင်စားဖွယ် သင်ကြားကြရမှာ ဖြစ်ပါတယ်။

Grade 12 Biology Textbook တွင် တိကျသော ရောင်စုံပုံချပ်များ precise colourful diagrams, ဓာတ်ပုံမိုက်ခရိုဂရပ်များ photo–micrographs, figures and charts, Chapter တစ်ခုချင်းစီ၏ အဆုံးတွင် နမူနာမေးခွန်းများ၊ ဝေါဟာရအသုံးအနှုန်း အခက်အခဲများကို ကျော်လွှားရန် GLOSSARY များပါဝင်ကြပါတယ်။ ကျောင်းသား၊ ကျောင်းသူများသည် Grade 12 Biology Textbook မှာ ပါဝင်တဲ့ အကြောင်းအရာတွေကို သေချာကျေညက်အောင် လေ့လာပြီးတဲ့နောက် ဇီဝဗေဒ၊ ဇီဝဗေဒနှင့် ဆက်နွှယ်လျက်ရှိသည့် သက်ဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်နယ်ပယ်များတွင် ဆက်လက်လေ့လာရန် အရည်အချင်းပြည့်မီသူများ ဖြစ်လာကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

နိဂုံးချုပ်အနေနဲ့ စာမေးပွဲဖြေတဲ့အခါ –

- မေးခွန်းမှာ Mention/ Name/ List နဲ့စထားရင် အမည်များဖော်ပြဖြေဆိုရန်။
- Enumerate နဲ့စရင် အမှတ်စဉ်ထိုး၍ဖြေဆိုရန်။
- Define နဲ့စရင် အဓိပ္ပာယ်သတ်မှတ်ရန်။
- What/ How/ Cite/ Give/ State/ Describe/ Discuss/ Explain/ Clarify/ Write နဲ့ စထားရင်ရေးပါ၊ ရှင်းပြပါ၊ ဖြေရှင်းပါ၊ ဆွေးနွေးပါ၊ ဖော်ပြပါ၊ ဘယ်လိုနားလည်သလဲ အစရှိတဲ့ မေးခွန်းတွေကို စာသားအားဖြင့် အဖြေထုတ်ရန်။
- Distinguish/ Classify/ Differentiate နဲ့စရင် အုပ်စုနှင့် အမျိုးအစားတို့ကို ခွဲခြားပြရန်။
- Comparative/ Compare and contrast/ versus နဲ့မေးထားရင် နှိုင်းယှဉ်ဖြေဆိုရန်။
- Give a table/ Tabulate နဲ့စရင် ဇယားဆွဲ၍ ဖြေဆိုရန်။
- Give a word diagram နဲ့စရင် စကားလုံးများကို အညွှန်းမြားတန်းဖြင့် ချိတ်ဆက် ဖော်ပြရန်။
- Draw/ Illustrate/ illustration/ drawing/ diagram နဲ့မေးထားရင် သရုပ်ဖော်ပုံဆွဲပေးရန်။
- Provide Labels and Caption နဲ့စရင် ပုံကိုပြန်ကူးဆွဲစရာမလိုဘဲ အညွှန်းမြားဖြင့် ညွှန်ပြသောနေရာကို အမည်ဖော်ပေးရန်နှင့် ပုံခေါင်းစဉ်တပ်ပေးရန်ဖြစ်ပြီး နောက်ဆက်တွဲမေးသည့် မေးခွန်းရှိခဲ့လျှင် မကျန်ရစ်အောင်ဖြေဆိုရန် သတိပြုပါ။
- မေးခွန်းကို သေချာစွာဖတ်ပါ၊ နားလည်သဘောပေါက်အောင် ဖတ်ပြီးမှ ဖြေဆိုပါ။
- အဖြေလွှာရဲ့ သတ်မှတ်ထားတဲ့နေရာမှာ ခုံနံပါတ်ကို မှန်အောင် တပ်ပါ။
- အဖြေလွှာပေါ်က ညွှန်ကြားချက်များကို သေချာစွာလိုက်နာပါ။
- ဖြေဆိုမည့်နံပါတ်များကို ဘေးမျဉ်းအတွင်း မှန်အောင်တပ်ပြီးမှ ဖြေဆိုပါ။
- ဖြေဆိုပြီးအဖြေများ မှန်ကန်မှု ရှိ၊ မရှိ ပြန်လည်စစ်ဆေးပါ။

ယခုတင်ပြခဲ့တဲ့အကြံပြုချက်များကိုလိုက်နာပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ ဂုဏ်ထူးမှတ်များနဲ့ ထူးထူးချွန်ချွန် အောင်မြင်အောင်ကြိုးစားကြပါလို့ တိုက်တွန်းလိုက်ပါတယ်။ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအားလုံး ထူးချွန်စွာအောင်မြင်ကြပါစေ။

## ဆေးတက္ကသိုလ်(၂)ရန်ကုန်နှင့် Raphael International, Republic of Korea တို့အကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

**နေပြည်တော် အောက်တိုဘာ ၁၃** ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ် ဦးစီးဌာန ဆေးတက္ကသိုလ် (၂) ရန်ကုန်နှင့် Raphael International, Republic of Korea




တို့အကြား ပညာရပ်ဆိုင်ရာ နယ်ပယ်များတွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရန်အတွက် (၅) နှစ်သက်တမ်းရှိ နားလည်မှုစာချွန်လွှာ (Letter of Intent) လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယမန်နေ့က နေပြည်တော်ရှိ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၌ ကျင်းပရာ ဆေးတက္ကသိုလ် (၂) ရန်ကုန် ပါမောက္ခချုပ် ပါမောက္ခဒေါက်တာ အေးအေးခင်နှင့် Raphael International, Republic of Korea ၏ Director Ms. Sunghae Kwon တို့ လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ကြသည်။

အဆိုပါ နားလည်မှုစာချွန်လွှာအရ ဆေးတက္ကသိုလ် (၂) ရန်ကုန်နှင့် Raphael International တို့သည် ဆေးပညာသင်ကြားရေးနယ်ပယ်တွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သင်တန်းများပေးခြင်း၊ ကုသရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ခေတ်မီ ဆေးကုသမှု နည်းလမ်းများနှင့် ဆေးပစ္စည်းများ မိတ်ဆက်ခြင်း နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ ရှေးအစဉ်အလာအတိုင်း (၂၁)ဌာနသို့ အပူဇော်ခံကြွရောက်မည်

**ညောင်ရွှေ အောက်တိုဘာ ၁၃**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်ရှိ အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ ရှေးအစဉ်အလာအတိုင်း အပူဇော်ခံကြွရောက်မည်ဖြစ်ရာ ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၉ ရက်က ကျင်းပခဲ့ပြီး မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်များ၊ ဖောင်တော်ဦးမြတ်စွာဘုရား ဩဝါဒါစရိယဆရာတော်များနှင့် ဘုရားဂေါပကအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ ယခုအခါ ကိုဗစ်–၁၉ ကပ်ရောဂါဘေး အေးငြိမ်းသွားပြီဖြစ်၍ အများပြည်သူ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်တရားတိုးပွားစေရန် ရည်သန်ပြီး အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ ရှေးအစဉ်အလာအတိုင်း (၂၁) ဌာနသို့ အောက်တိုဘာ ၁၅ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ အပူဇော်ခံကြွရောက်မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)




## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန်စသည့် ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်ရှိ စံပြကွက်စုစုပေါင်း ကေ ၃၅၉၀ စပါးစိုက်ပျိုးခဲ့ပြီးဖြစ်

**ရန်ကုန် အောက်တိုဘာ ၁၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် Yuntianhua တို့ ပူးပေါင်းဆောင်ရွက်သည့် ဒဂုံမြို့သစ်တောင်ပိုင်း(မြို့နယ်) စိုက်ပျိုးရေးဦးစီးဌာန အောင်မြေယာမျိုးသန့်ခြံ၌ ကေ ၃၀ စပါးမျိုးစေ့စံပြကွက်ကို**(အောက်ယာပုံ)**အောက်တိုဘာ ပထမပတ်က မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ အကြံပေး ဦးသက်ဇင်မောင်နှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးသည်။

"အခုချိန်အထိ စံပြကွက် စုစုပေါင်း ကေ ၃၅၉၀ စိုက်ပျိုးခဲ့ပြီးပြီလို့ သိရပါတယ်။ အခုနှစ်အတွက် တွေ့ခဲ့သမျှ စံပြကွက်တွေထဲမှာ အကောင်းဆုံးစံပြကွက်တွေဖြစ်ပါတယ်။ ဒါကြောင့် စပါးမရိတ်သိမ်းမီ တောင်သူလယ်သမားများနဲ့ တွေ့ဆုံပြီး စိုက်ပျိုးမှုလုပ်ငန်းစဉ်တစ်ခုလုံးရဲ့ စိုက်ပျိုးနည်းစနစ်တွေကို တောင်သူများအား မျှဝေသိရှိနိုင်စေဖို့ အကြံပြုခဲ့ပါတယ်" ဟု အကြံပေး ဦးသက်ဇင်မောင်က ပြောသည်။

မြန်မာနိုင်ငံတွင် အကောင်းဆုံး အမှတ်တံဆိပ်အဖြစ် အသိအမှတ်ပြုခံထားရသော တရုတ်ဓာတ်မြေဩဇာ ကုမ္ပဏီတစ်ခုဖြစ်သည့် Yuntianhua သည် မြန်မာ့လယ်ယာ ခေတ်မီဖွံ့ဖြိုးမှုကို မြှင့်တင်ရန် ကတိပြုထားကြောင်း၊ စိုက်ပျိုးရေးသိပ္ပံ သုတေသနနှင့် စိုက်ပျိုးရေး စွမ်းရည်မြှင့်သင်တန်းများ၊ ရန်ပုံငွေအဖြစ် စုစုပေါင်း ယွမ်ငွေသုံးသန်းနီးပါး ပေးအပ်ခဲ့ပြီး ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ ၂၀၀ ကျော်အား အကျိုးပြုစေခဲ့ကြောင်း သိရသည်။

အနာဂတ်တွင် Yunnan Aca-demy of Agricultural Sciences မှ Inter-national Agricultural Research Institute နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံအတွက် ပြီးပြည့်စုံသည့် စိုက်ပျိုးဖြေရှင်းနည်းများ ကူညီပံ့ပိုးပေးနိုင်ရန်၊ စိုက်ပျိုးရေးဆိုင်ရာ ဓာတုဗေဒဝန်ဆောင်မှုများ အဆင့်မြှင့်တင်ရန်၊ မြန်မာ့စိုက်ပျိုးရေး ရေရှည်တည်တံ့ခိုင်မြဲစေရန်၊ မြန်မာ့စိုက်ပျိုးရေးကဏ္ဍကို မြှင့်တင်ရန်နှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးများအတွက် အစဉ်တစိုက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ Yuntianhua ၏ မြန်မာနိုင်ငံရှိ Shwe Crop Nutri-ents Co.,Ltd က မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**အာကာလင်း**



## မိုးအဆက်မပြတ်ရွာသွန်းမှုနှင့် တောင်ကျရေများကြောင့် ဒုဋ္ဌဝတီမြစ်ရေလျှံ၊ အိမ်အချို့ ရေဝင်နစ်မြုပ်

**သီပေါ အောက်တိုဘာ ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်၌ ယမန်နေ့ညက မိုးအဆက်မပြတ် ရွာသွန်းမှုနှင့် တောင်ကျရေများကြောင့် ဒုဋ္ဌဝတီမြစ်ရေလျှံကာ အနိမ့်ပိုင်းဒေသဖြစ်သည့် ဈေးရပ်ကွက်နှင့် ပန်းတိမ်တောင်ရပ်တို့တွင် ရေကြီးရေလျှံမှုဖြစ်ကာ အိမ်ထောင်စု ၂၄ စုတို့မှ ပြည်သူများအား ကယ်ဆယ်ရေးစခန်းအဖြစ် ဖွင့်လှစ်ထားသည့် မြို့လယ်ဓမ္မာရုံ သာသနာ့ဗိမာန်တော်သို့ ပြောင်းရွှေ့နေရာချထားပေးသည်။

မိုးရွာသွန်းမှုကြောင့် ဒုဋ္ဌဝတီမြစ်နှင့် နမ့်ပေါ့ချောင်းဆုံရာ မြေထိန်းနံရံ တာတမံများ ပြိုကျပျက်စီးမှုမဖြစ်ပေါ်စေရန် တာယာများ၊ သဲအိတ်များဖြင့် ဖြည့်ဆည်းဆောင်ရွက်ခြင်း လုပ်ငန်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးဝင်း ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ မြို့နယ်သဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၊ နယ်မြေခံ တပ်ရင်းတပ်ဖွဲ့များ၊ မီးသတ်၊ ကြက်ခြေနီ၊ လူမှုရေးအသင်းအဖွဲ့များ၊ အင်အား ၂၅၀ ကျော်တို့က ပါဝင်ဆောင်ရွက်ကြသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ရာသို့ ကျောက်မဲခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့် တာဝန်ရှိသူများ ရောက်ရှိအားပေးပြီး သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ကူညီကယ်ဆယ်နိုင်ရေးအတွက် မီးသတ်ဦးစီးဌာနတွင် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ မိုးမခစက်လှေဆိပ် မြေထိန်းနံရံ၊ သီပေါဒုဋ္ဌဝတီ မြစ်ကူးတံတားကြီးအား သွားရောက်ကြည့်ရှုစစ်ဆေးပြီးနောက် ရေဘေးကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စုများကို ကြည့်ရှုအားပေးစကား ပြောကြားသည်။

**စိုင်း(သီပေါ)**



မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | - | မြင့်စိုး |
| **သတင်းထောက်မှူး** | - | ခင်ရတနာ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| **ဘာသာပြန် စာတည်း** | - | ခြူးစန္ဒီဆွေး၊ တင်လင်းအောင် |
| **အကြီးတန်း သတင်းထောက်များ** | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **အငယ်တန်း သတင်းထောက်များ** | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| **ဓာတ်ပုံ သတင်းထောက်** | - | တင်စိုး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - | သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၃ - ၁၀ - ၂၀၂၃

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၉၀ ကျပ် | ၂၂၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၀၅ ကျပ် | ၂၃၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၇၅ ကျပ် | ၂၀၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၇၅ ကျပ် | ၂၁၂၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦးတွေ့ရှိ

**(၁၃-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁၂-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၆၈၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂)ဦး တွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၇) ရာခိုင်နှုန်း ဖြစ်သည်။ ယနေ့တွင် COVID-19 ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၁၈၂ | ၁၆၁၇၉၈၀၀ |
| MTSH | ၃၀၀၀ | ၃၀၀၀ | ၅၈၃ | ၁၇၄၉၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၇၀၀ | ၁၆၅၀ | ၅၃၅၅ | ၉၁၀၂၀၅၀ |
| TMH | ၂၅၅၀ | ၂၅၅၀ | ၂၃၃ | ၅၉၄၁၅၀ |
| EFR | ၂၁၅၀ | ၂၂၀၀ | ၁၅၈ | ၁၆၁၄၇၀၀ |
| AHPC | ၄၈၀၀ | ၄၉၀၀ | ၁၂ | ၅၈၆၀၀၀ |
| MAEPC | ၁၇၅၀ | ၁၈၀၀ | ၁၁၀၅ | ၁၉၅၅၅၀၀ |

ညီညီ - စုစည်းသည်

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊မဟာမြိုင်-၂ရပ်ကွက်၊ အကွက်အမှတ်(ဒ-၆)၊ ဦးပိုင်အမှတ်(၇၅)၊ ၆၃ x ၆၄ လမ်းကြား၊ ၃၈ x ၃၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်လှ (ခ) ဒေါ်မိဦး ၏(SP ရသူ ဦးစောလင်းမောင်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၈၂၀/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဦးတူးမိုင် ၁/မမန(နိုင်)၀၀၁၁၀၃ ကအမှုတွဲအမှတ် ၄၇၄၆/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ခခ-၂)၊ ဦးပိုင်အမှတ်(၅၆-က)၊ ၅၈ x ၅၉ လမ်းကြား၊ A လမ်းနှင့် B လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဝေဝေမြင့် ၁၄/ဟသတ(နိုင်)၀၃၅၀၂၂ က အမှုတွဲအမှတ် ၄၈၂၉/၂၀၂၃-၂၀၂၄ ဖြင့်သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၈)၊ ဦးပိုင်အမှတ် (၈၆)/၁၁၃လမ်း၊ ၅၁ x ၅၂ လမ်းကြား တောဂရန်အမှုတွဲအမှတ် (၇၁၄၅/၈၂-၉၃) အရ ဒေါ်မြင့်မြင့်သန်း ၉/မနမ(နိုင်)၀၅၈၅၀၃ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်နှင့် ငွေရပြေစာမူရင်း(၂)စောင်မှာ အသိမ်းလွှန် ပျောက်ဆုံးသွားကြောင်း ရဲစခန်း၊ ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တောဂရန်၊ တရားရုံး ကျမ်းကျိန်ချက်တို့ တင်ပြ၍ ဒေါ်သီဂီအုန်း ၁၃/မဆတ(နိုင်)၀၂၉၄၁၇ မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၅ရပ်ကွက်၊ အကွက်အမှတ်(ခ-၄)၊ ဦးပိုင်အမှတ် (၇၅)/ ၆၅ x ၆၆ ကြား၊ အောင်မင်္ဂလာလမ်းနှင့် စိန်ပန်းလမ်းကြားမြေကွက်အမည်ပေါက်သူ ဦးချစ်ဖွယ် ၉/မမန(နိုင်)၀၂၂၀၃၁ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၀၄၆/၂၀၂၃) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဝတ်မှုံ ၉/မဟမ(နိုင်)၀၄၅၃၄၄ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀)၊ မြေကွက်အမှတ် (၈၈၃/ခ) အကျယ်အဝန်း (၂၀ x ၆၀) ပေ၊ မြေဧရိယာ(၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀) မြေအမျိုးအစား ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို ဒေါက်တာဒေါ်ခင်အေးမွန်(ခ) ဒေါ်ခင်အေးရီ ၁၂/ဥကတ(နိုင်)၀၈၅၂၄၈ မှ အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်း၏ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ် (၂၀၀၇/၉၄၈၉၂) ရရှိသူ ဒေါ်ခင်မြင့်ရီ (ခ) ဒေါ်မြင့်မြင့်ဦး ၁၂/ဥကတ(နိုင်)၀၈၅၂၃၄ က အပေါင်အနှံ အရှုပ်အရှင်း ကင်းရှင်းကြောင်းဝန်ခံလျက် ကျွန်ုပ်မိတ်ဆွေ ဒေါ်ပေ့ါကျင် ၁/မကန(နိုင်) ၀၁၂၀၉၀ အား ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ သဘောတူပြီး စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းမြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ကန့်ကွက်လိုခြင်းတစ်စုံတစ်ရာရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား(ဂရန်မူရင်း)နှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ကျွန်ုပ်၏မိတ်ဆွေမှ ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်လှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၄၀၊ ၃/ခ၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၆၄၄၇၁၇၉၂၊ ၀၉-၄၄၅၇၄၉၀၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ရပ်ကွက်၊ အကွက်အမှတ်(စီ)၊ ဦးပိုင်အမှတ်(၁၀၃)၊ ၆၆ x ၆၇ လမ်းကြား၊ ၁၀၃ x ၁၀၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်စန်းစန်းအေး(ခ) စမ်းစမ်းအေး ၉/မရမ(နိုင်)၀၅၂၈၂၉ ၏ (GP ရသူ ဒေါ်နွယ်နီမြင့်) က အမှုတွဲအမှတ် ၄၈၂၇/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိအလယ်ရပ်၊ မြေကွက်အမှတ်(ဒ-၃၀၆၈၆)၊ ဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဒေါ်ဝတ်ရည်ဖုန်းမြင့် (ဘ) ဦးဖုန်းမြင့် ၁၃/တကန(နိုင်)၁၅၉၃၇၇ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်ဝတ်ရည်ဖုန်းမြင့်ထံမှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၆၂၉/၂၀၂၃)၊ ၂၈-၉-၂၀၂၃ ရရှိထားသူ ဦးချိန်တားရှန်း (ဘ) ဦးချိန်လောက်လင် ၁၃/လကန(နိုင်)၀၂၉၆၇၇ မှ ဒေါ်ချိန်တားချင် (ဘ) ဦးချိန်လောက်လင် ၁၃/လကန(နိုင်)၀၀၇၆၄၂ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်(ရွာမ)ရပ်ကွက်၊ ကျောက်မြောင်းဈေးလမ်း၊ အမှတ်(၂၄) ဟုခေါ်တွင်သော (၁)ခန်းတည်း (၆)ထပ်တိုက်၏ ၄-လွှာ၊ အကျယ်အဝန်း(၂၃ x ၅၅)ပေရှိ တိုက်ခန်းအား စာချုပ်အမည်ပေါက်ဖြစ်သူ ဒေါ်ဝေဝေထွန်း ၁၂/သဃက(နိုင်)၁၈၆၀၇၇ ထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ GPအမှတ် (၂၀၃၇၄/၂၀၂၃) ရရှိထားပြီး ရောင်းချ ပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းသူ ဒေါ်ဂျူလိုင်ထွန်း ၁၂/ဒဂဆ(နိုင်)၀၂၃၂၄၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဟန်နီထက် ၁၂/တမန(နိုင်)၁၃၂၃၈၇ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါတိုက်ခန်း အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင်(LL.B) (စဉ်-၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁ နှင့် ၅)
## မရမ်းကုန်းခရိုင်တရားရုံးတော်
## ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၆၂

ဦးဗင်(န်)ဆင်(ခ) ဦးဗင်(န်)ဆင်း ဆန်းဝင်း **နှင့်** ဒေါ်ခင်ခင်ထွေး
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ်(၂၉)နေ တရားပြိုင် ဒေါ်ခင်ခင်ထွေး (ယခုလိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလို ဦးဗင်(န်)ဆင်(ခ)ဦးဗင်(န်)ဆင်း ဆန်းဝင်းက ချေးငွေသိန်း(၁၅၀)နှင့် နစ်နာကြေးသိန်း(၅၀)၊ စုစုပေါင်း သိန်း(၂၀၀)ကျပ်ရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ၊ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက် (၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီသီဟန်)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**မရမ်းကုန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေအင်ကြင်းအနောက်ရပ်၊ မြေကွက်အမှတ်(ဒ-၄၈၄၈)၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဒေါ်အေးတင်၊ ဦးစို (ဘ) ဦးဖိုးမောင်၊ ဦးခတ်ဆယ် ၉/လဝန(နိုင်)၀၁၆၃၈၇ အမည်ပေါက်ပါမစ်မြေကွက်ကို ဦးမြင့်ခိုင် (ဘ) ဦးရှင်ဝင်(ခ) ဦးချစ်ဖေ ၁၃/လရန(နိုင်)၁၇၂၁၉၈ မှ မြေပေးမိန့်မူရင်း၊ မြေကွက် အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရာထူးဝန်အဖွဲ့
## Union Civil Service Board

**လျှောက်လွှာခေါ်ယူခြင်း**
**ကြော်ငြာစာအမှတ်၊ ၅ /၂၀၂၃**
**၁၃၈၅ ခုနှစ်၊ တော်သလင်းလကွယ်နေ့**
**( ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက် )**

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတို့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်နှင့်ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ (ရန်ကုန်ရုံးခွဲ)၊ အမှတ်(၆၅)၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ (သို့မဟုတ်) တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ လျှောက်လွှာဝယ်ယူ၍ လူကိုယ်တိုင်(သို့မဟုတ်)စာတိုက်မှတစ်ဆင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်သို့လည်းကောင်း၊ Online စနစ်ဖြင့် e-Recruitment and Selection System (e-RSS) (UCSB e-RSS Mobile Application နှင့် UCSB e-RSS Web Based) တို့ကို အသုံးပြု၍လည်းကောင်း၊ **၁၄-၁၁-၂၀၂၃ရက်နေ့ နောက်ဆုံးထား၍** လျှောက်ထားနိုင်ပါသည်-

(က) **ကျန်းမာရေးဝန်ကြီးဌာန**

| စဉ် | ဌာန | ရာထူး | လစ်လပ် |
|---|---|---|---|
| (၁) | ကုသရေးဦးစီးဌာန | ဆရာဝန်(သစ်လွင်) | ၁၈၀ နေရာ |
| | | ဆရာဝန်(သွားနှင့်ခံတွင်း) | ၂၀ နေရာ |
| (၂) | ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန | ဆရာဝန်(သရုပ်ပြ) | ၈၉ နေရာ |
| | | ဆရာဝန်(သွားနှင့်ခံတွင်း)(သရုပ်ပြ) | ၂၆ နေရာ |
| (၃) | အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန | ဦးစီးအရာရှိ(အစားအသောက်) | ၇ နေရာ |
| | | ဦးစီးအရာရှိ(ဆေးဝါး) | ၆ နေရာ |
| | | ဦးစီးအရာရှိ(ဆေးပစ္စည်းအလှကုန်/ လူသုံးကုန်) | ၆ နေရာ |

(ခ) **အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန**

| ဌာန | ရာထူး | လစ်လပ် |
|---|---|---|
| အားကစားနှင့်ကာယပညာ ဦးစီးဌာန | တာဝန်ခံဆရာဝန် | ၁၃ နေရာ |

၂။ လျှောက်ထားသူများအနေဖြင့် ကြော်ငြာခေါ်ယူသောရာထူးအလိုက် သတ်မှတ်ပညာအရည်အချင်းများနှင့် အသေးစိတ်အချက်အလက်များကို အချိန်မီသိရှိလိုပါက **ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website ဖြစ်သည့်**www.ucsb.gov.mm နှင့်**Myanmar National Web Portal**-www. myanmar. gov.mm တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါကြောင်းနှင့် ထုတ်ပြန်ချက်တွင် မရှင်းလင်းသည်များ မေးမြန်းလိုပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၊ရွေးချယ်ရေးဌာနစိတ်၏ တယ်လီဖုန်းအမှတ်၊ ၀၆၇ - ၃၄၀၉၀၅၂/ ၀၆၇ - ၃၄၀၉၄၃၀/ ၀၉ - ၄၂၄၄၀၈၉၅၄/ ၀၉ - ၄၂၀၃၀၆၆၀၅ /၀၉ - ၇၉၇၇၂၅၆၉၆/ ၀၉ - ၄၄၁၉၃၇၃၄၃ နှင့် ၀၉- ၂၆၂၅၀၂၉၈၈)တို့ကို ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

